# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ်(၀၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ် ဒီဇင်ဘာလအတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်မည်

နေပြည်တော် အောက်တိုဘာ ၂၈

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖




# လူတိုင်းနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု များပြားခဲ့သည့်အတွက် မိမိနေအိမ်တွင် နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခဲ့သည့် မြို့နယ်များကို ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိချက်အရ အောက်တိုဘာ ၂၇ ရက်က ပယ်ဖျက်ပေးလိုက်ပြီဖြစ်သည်။

ချင်းပြည်နယ်မှ တစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးမှ တစ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀ မြို့နယ်၊ မွန်ပြည်နယ်မှ တစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ် ၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်မြို့နယ်တို့ကို Stay at Home အစီအစဉ်မှ ပယ်ဖျက်ပေးလိုက်ခြင်းဖြစ်သည်။ ''ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် ၄ ရာခိုင်နှုန်းကျော် ကူးစက်မှုရှိသော်လည်း ယခုထက်ပိုမိုလျော့ကျလာနိုင်သေးကြောင်း၊ ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ခရီးသွားခြင်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ကူးစက်မှုနှုန်းများ မြင့်တက်လာသည်ကို မတွေ့ရကြောင်း၊ ကာကွယ်ဆေးထိုးနှံထားမှုများနှင့် ကိုဗစ်စည်းကမ်းအား လိုက်နာခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့် ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှုယန္တရားများနှင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေးယန္တရားများအား ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်၍မရနိုင်သော်လည်း ရောဂါကူးစက်မှုနှုန်း နည်းပါးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်ဆောင်ရွက်၍ ရကြောင်း'' ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့လူသားများနှင့်အတူ အချိန်ကာလတစ်ရပ်ကြာမြင့်စွာ ရှိနေဦးမည်ဟူ၍ ယူဆကြပြီး ကပ်ရောဂါနှင့်လူအတူယှဉ်တွဲနေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပညာရှင်များက တိုက်တွန်းထားသည်။ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံထားပြီးသူ၊ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားသူ၊ ကာကွယ်ဆေးလုံးဝမထိုးရသေးသူ စသည်တို့အားလုံး ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်း စည်းကမ်းများကို အလေးထား၍ ဆက်လက်ကျင့်သုံးသွားကြရေးသည် ရောဂါနှင့်လူ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အရေးပါသည်။ လူ့အသိုင်းအဝိုင်းများကြားတွင် ဆက်လက်ရှိနေဆဲ ကူးစက်ရောဂါပိုးက မေ့လျော့သူ၊ ပေါ့ဆသူတို့ကို ဆက်လက်ကူးစက်ပျံ့နှံ့နေမည်ဖြစ်ရာ ကိုဗစ်-၁၉ ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားမချင်း မိမိထံ ကူးစက်မလာစေရန် လူတိုင်းသတိပြုကာကွယ်သွားရန် လိုအပ်သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံ၏ ကျန်းမာရေးကဏ္ဍသာမက စီးပွားရေး၊ ပညာရေး၊ လူမှုရေးအပါအဝင် ဆက်စပ်နေသည့် ကဏ္ဍများ ထိခိုက်ဆုံးရှုံးမှုတို့ ကြီးမားလှသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်လည်း ဤသို့ ဤနှယ်ပင်ဖြစ်သည့်တိုင် မိမိတို့နိုင်ငံအနေဖြင့်မူ နိုင်ငံရေး အပြောင်းအလဲမှ ထွက်ပေါ်လာသည့် ရိုက်ခတ်မှုကလည်း ကြီးမားသည့်အတွက် နှစ်ခါနာသည်ဟုပင် ဆိုရမည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းလာပြီး နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်သည့်အခြေအနေသို့ ရောက်ရှိသည်နှင့် စီးပွားရေး၊ ပညာရေးစသည်တို့ အပါအဝင် စတင်လည်ပတ်နိုင်သည့် ယန္တရားများကို ရောဂါထိန်းချုပ်မှု မူဘောင်များအတွင်းမှ လည်ပတ်သွားနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကပ်ရောဂါ ကာကွယ်တားဆီးရေးသည် လူတိုင်းနှင့် သက်ဆိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အလျောက် နေအိမ်ပြင်ပတွင် သွားလာပါက ပါးစပ်နှာခေါင်းစည်း (Mask) တပ်ဆင်ရေး၊ မကြာခဏ ဆပ်ပြာဖြင့် လက်ဆေးရေး၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်ဆက်ဆံရေး၊ လူစုလူဝေး ရှောင်ကြဉ်ရေးတို့ကို အခြေခံစည်းမျဉ်းများအဖြစ် ဆက်လက်ကျင့်သုံးခြင်းဖြင့် လူတိုင်းပါဝင်တာဝန်ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ထိုင်းနိုင်ငံမှ လှူဒါန်းသော ဗုဒ္ဓဆင်းတုတော်မြတ် သီပေါပေါ်ကြိုဘုရားကြီး ပရိဝုဏ်၌ ကိန်းဝပ်စံပယ်

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်းရှိ မဟာသာသနာ့ဗိမာန်တော်ကြီး ဓမ္မာရုံတွင် ကိုးကွယ်ပူဇော်ထားရှိမည့် ထိုင်းနိုင်ငံ အလှူရှင် မိသားစုမှ ဓမ္မဒါနအဖြစ် လှူဒါန်းသော ဉာဏ်တော် အမြင့် ကိုးပေရှိ ဗုဒ္ဓဇိရနအောင်တော်မူ ကြေးဆင်းတုတော်မြတ်ကြီး ထိုင်း-မြန်မာချစ်ကြည်ရေး တံတားမှ တာချီလိတ်သဒ္ဓါပရဟိတအသင်း၏ ချိတ်ဆက်မှုဖြင့် တာချီလိတ်၊ ကျိုင်းတုံ၊ နမ့်လန် လမ်းကြောင်းအတိုင်း ပင့်ဆောင်ခဲ့ရာ ယနေ့ မွန်းတည့်ချိန်တွင် နမ့်လန်မဇ္ဈိမရာမ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိသည်။



အဆိုပါ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓနွယ်ဝင် သဒ္ဓါကြည်လင်ပါရမီရှင်များ၊ မြို့မိမြို့ဖများက မော်တော်ယာဉ် ငါးစီးဖြင့် မဇ္ဈိမရာမကျောင်းတိုက်မှ ပင့်ဆောင်လာရာ ပေါ်ကြိုဘုရားကြီး သာသနာ့ဗိမာန်တော်ကြီးသို့ ညနေပိုင်း၌ ရောက်ရှိကိန်းဝပ် စံပယ်တော်မူလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၈-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antiviral** | | | | |
| 1 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 2 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 3 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 5 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 6 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 7 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 9 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 10 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# တိုင်းရင်းဆေးများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်မှုများကိုလည်း စဉ်ဆက်မပြတ် အားပေးဆောင်ရွက်

❖ *ရွှေဖုံးမှ*

**“ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကြိုးစားနေတာရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ဆွေးနွေးနေတာရှိတယ်။ ရုရှားနိုင်ငံနဲ့ ဆွေးနွေးနေတာရှိတယ်။ မနေ့ကပဲ ရုရှားက ကိုယ်စားလှယ်အဖွဲ့တွေ အချို့ကျွန်တော့်ကိုလာပြီး တင်ပြတာရှိတယ်။ သူတို့ဘယ်လိုလုပ်ပေးနိုင်ပါတယ်ဆိုပြီး ဒီလိုပြောလာတာရှိတယ်။ ဒါလည်း ကျွန်တော်တို့က ဒီဆေးက ရေရှည်ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီဟာကို အမြန်ဆုံးဆောင်ရွက်ဖို့လည်း လိုတယ်။ အခုက ကျွန်တော်တို့ ဝယ်နေရတယ်၊ တောက်လျှောက်ဝယ်နေရတယ်။ တရုတ်နိုင်ငံက ရောင်းပေးလို့ပဲ။ တရုတ်နိုင်ငံကသာ ကျွန်တော်တို့ လိုသလောက် ရောင်းမပေးနိုင်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအခြေအနေမျိုးရောက်နိုင်စရာ အကြောင်းမရှိဘူး။ ဒီနေရာမှာ အခွင့်ကြုံတဲ့အချိန်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဒီလိုကာကွယ်ဆေးတွေရရှိအောင် အချိန်နဲ့တစ်ပြေးညီ မျှဝေဆောင်ရွက်ပေးတဲ့အတွက်လည်း မြန်မာနိုင်ငံရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်းလည်း ကျွန်တော် ပြောလိုပါတယ်”**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အကျိုးသက်ရောက်မှုရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရောဂါ ဖြစ်ပွားမှုနှုန်းများ ကျဆင်းလာမှုတို့နှင့် ပတ်သက်၍ **“ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဗဟိုကော်မတီဖွဲ့ထားတာရှိပါတယ်။ သို့သော်လည်း ဗဟိုကော်မတီနဲ့ ပိုပြီးတော့ ကျစ်ကျစ်လျစ်လျစ် ရှိအောင်ဆိုပြီးတော့ အရေးကြီးတဲ့ပုဂ္ဂိုလ်တွေလောက်ပဲ အစည်းအဝေးခေါ်ပြီးလုပ်ခဲ့တာ။ အဲဒီတော့ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ကိုဗစ်-၁၉ ဖြစ်ပွားမှု အတော်လေးများခဲ့ပါတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးမှာလည်း ကျွန်တော်ပြောခဲ့တယ်။ ဇူလိုင်လ ၁၄ ရက်နေ့က အားလုံး ၇၀၈၃ ယောက်ဖြစ်ခဲ့ပြီး ၃၃ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ခဲ့တာကိုတွေ့တယ်။ Percentage အမြင့်ဆုံးကတော့ ဇူလိုင်လ ၂၃ ရက်မှာ ၅၅၀၆ ယောက်နဲ့ ၄၀ ဒသမ ၀၈ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒီကနေပြီးတော့။ ဗဟိုကော်မတီကနေပြီးတော့မှ တောက်လျှောက်ကို အပတ်စဉ်လုပ်ငန်းညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ပေးတာပေါ့။ နေ့စဉ်ကလည်း ဒုဥက္ကဋ္ဌဦးစီးပြီးတော့မှ ကြပ်မတ်ပြီးတော့ ဆောင်ရွက်ပေးမှုတွေကြောင့်၊ တစ်ဖက်ကလည်း ရောဂါထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်ချက်တွေ၊ ဒီဘက်ကလည်း နိုင်ငံတော်အပိုင်းက လုပ်ရမယ့်ဟာတွေလည်း ထိထိရောက်ရောက်လုပ်လာနိုင်တယ်။ တစ်ဖက်ကလည်း ပြည်သူအပိုင်းကနေပြီးတော့ ပိုပြီးတော့မှ အလေးထားပြီး ဆောင်ရွက်တဲ့အတွက်ကြောင့်။ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်တွေကို လိုက်နာဆောင်ရွက်တာပေါ့၊ ဒုတိယကဘာလဲဆိုတော့ လိုအပ်ချက်တွေကို ဝိုင်းကူကြတာပေါ့၊ လိုအပ်ချက်တွေကို ဝိုင်းကူကြတယ်၊ ဥပမာအားဖြင့် ဆေးတွေ လှူကြတယ်၊ ကာကွယ်တဲ့ပစ္စည်းတွေလှူကြတယ်၊ အောက်ဆီဂျင်မရရအောင်၊ တကယ့် စေတနာရှင်တွေကနေ။ ရအောင်။ ပြည်ပနိုင်ငံတွေကနေ မရရအောင် ဝယ်ယူပြီးတော့ ဆောင်ရွက်ပေးတာတွေ၊ ဒါတွေကြောင့် တော်တော်ကြီးကို ဒါအကျိုးသက်ရောက်မှု ရှိပါတယ်။ အကျိုးသက်ရောက်မှုရှိပြီးတော့ နောက်ဆုံးမနေ့ကဆိုရင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ၄ ရာခိုင်နှုန်းကျော်လောက်ထိပဲ ဖြစ်လာခဲ့တာကို တွေ့ပါတယ်။ ကျွန်တော့် ရည်မှန်းချက်ကတော့ အောက်တိုဘာ ၂၄ ရက်နေ့က ၅ ရာခိုင်နှုန်း၊ အောက်တိုဘာ ၃၁ ရက်နေ့ကို ၃ ရာခိုင်နှုန်းလျှော့ချဖို့အတွက် Target ထားပြီးတော့ ကျွန်တော်ကော်မတီမှာလည်း ပြောခဲ့ပြီးသား ဖြစ်ပါတယ်။ အခုကတော့ ၄ ရာခိုင်နှုန်းကျော် လေးတော့ ဖြစ်နေသေးတာပေါ့။ အဲဒီတော့ ဒါလေးတွေကိုလည်း တစ်ဖက်ကလည်း ဒီထက်ပိုပြီးတော့ ဖြစ်ပွားမှုရာခိုင်နှုန်းကျအောင် ဆောင်ရွက်ပေးဖို့ လိုပါလိမ့်မယ်”** ဟု ပြောကြားသည်။

- ❍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် ၄ ရာခိုင်နှုန်းကျော် ကူးစက်မှုရှိသော်လည်း ယခုထက် ပိုမိုလျော့ကျလာနိုင်
- ❍ ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ခရီးသွားခြင်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ကူးစက်မှုနှုန်းများ မြင့်တက်လာသည်ကို မတွေ့ရ
- ❍ ကာကွယ်ဆေး ထိုးနှံထားမှုများနှင့် ကိုဗစ်စည်းကမ်းအား လိုက်နာခဲ့မှုများကြောင့်ဖြစ်
- ❍ ယခုကဲ့သို့ ရောဂါ ကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့် ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှု ယန္တရားများနှင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေး ယန္တရားများအား ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်

**ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရောဂါဖြစ်ပွားမှုနှုန်းများသည့် မြို့နယ်များအား ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုပြီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကူးစက်မှုများအား စစ်ဆေးဆောင်ရွက်ခြင်းဖြင့် ကာကွယ်ကုသရေးအတွက် အခွင့်အရေး ရလာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကူးစက်မှုများအား မသိဘဲ အံ့ပုန်းဖြစ်နေမှုများမှာ စိုးရိမ်စရာဖြစ်ကြောင်း၊ ကူးစက်မှုနှုန်းမြင့်နေဆဲဖြစ်သည့် မြို့နယ်များအား စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကူးစက်မှုနှုန်း လျော့ကျလျက်ရှိသည့် မြို့နယ်များတွင်လည်း ပေါ့ပေါ့ဆဆဖြင့် ဆောင်ရွက်၍မရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် Stay at Home နှင့် သွားလာမှုကန့်သတ်ခြင်းများ ဆောင်ရွက်ခြင်း၊ ရုံးပိတ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအခါ ဖြစ်ပွားမှုနှုန်းများ ကျဆင်းလာပြီဖြစ်သဖြင့် အချို့မြို့နယ်များအား Stay at Home များ ဖြေလျှော့ပေးခဲ့ပြီး ရုံးများပုံမှန်အတိုင်းပြန်လည်တက်ရောက်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကျောင်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ အတိုင်းအတာတစ်ခုအထိ ထိုးနှံပြီးဖြစ်ကြောင်း။

**အဆင့်အလိုက်ပြန်လည်ဖွင့်လှစ်**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် ၄ ရာခိုင်နှုန်းကျော် ကူးစက်မှုရှိသော်လည်း ယခုထက် ပိုမိုလျော့ကျလာနိုင်သေးကြောင်း၊ ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ခရီးသွားခြင်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ကူးစက်မှုနှုန်းများ မြင့်တက်လာသည်ကို မတွေ့ရကြောင်း၊ ကာကွယ်ဆေးထိုးနှံထားမှုများနှင့် ကိုဗစ်စည်းကမ်းအား လိုက်နာခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရောဂါ ကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့် ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှု ယန္တရားများနှင့် အကန့်အသတ်ဖြင့် ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေး ယန္တရားများအား ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်၍မရနိုင်သော်လည်း ရောဂါကူးစက်မှုနှုန်းနည်းပါးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်ဆောင်ရွက်၍ရကြောင်း၊ ပို့ဆောင်ရေးနှင့် ပတ်သက်သည့် လေကြောင်းလိုင်းများ၊ ရထားလိုင်းများ၊ ကားလိုင်းများအား အပိုင်းအလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများပြန်လည် ဖွင့်လှစ်နိုင်ရန်အတွက်လည်း အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားဆုံးဖြတ် ဆောင်ရွက်ကြရန်လိုကြောင်း။

**၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်**

မိမိတို့နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဒီဇင်ဘာလအတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံပြီးသူများအား ခရီးသွားလာခွင့် ခွင့်ပြုပေးနိုင်မည့် အခြေအနေ၊ အလားတူ ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွင့်ပြုပေးနိုင်မည့် အခြေအနေများအား ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်သူများ များစွာကျဆင်းသွားပြီး အရေးပေါ်လူနာများ၊ အောက်ဆီဂျင်လိုအပ်မှုများ လျော့နည်းလာသည်ကို သိရှိရကြောင်း၊ ထိုသို့ ကျဆင်းသွားခြင်းမှာ အားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်ပင်ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း၊ ထပ်မံကူးစက်မှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကို စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

### ပြည်တွင်းမှာထုတ်ဖို့လို

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကြိုးစားနေတာရှိပါတယ်။ တရုတ်နိုင်ငံနဲ့ဆွေးနွေး နေတာရှိတယ်။ ရုရှားနိုင်ငံနဲ့ ဆွေးနွေးနေတာ ရှိတယ်။ မနေ့ကပဲ ရုရှားက ကိုယ်စားလှယ်အဖွဲ့တွေ အချို့ကျွန်တော့်ကိုလာပြီး တင်ပြတာရှိတယ်။ သူတို့ ဘယ်လိုလုပ်ပေးနိုင်ပါတယ်ဆိုပြီး ဒီလိုပြောလာ တာရှိတယ်။ ဒါလည်း ကျွန်တော်တို့က ဒီဆေးက ရေရှည်ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီဟာကို အမြန်ဆုံးဆောင်ရွက်ဖို့လည်း လိုတယ်။ အခုက ကျွန်တော်တို့ဝယ်နေရတယ်၊ တောက်လျှောက် ဝယ်နေရတယ်။ တရုတ်နိုင်ငံက ရောင်းပေးလို့ပဲ။ တရုတ်နိုင်ငံကသာ ကျွန်တော်တို့ လိုသလောက် ရောင်းမပေးနိုင်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအခြေအနေ မျိုးရောက်နိုင်စရာ အကြောင်းမရှိဘူး။ ဒီနေရာမှာ အခွင့်ကြုံတဲ့အချိန်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဒီလိုကာကွယ်ဆေးတွေရရှိအောင် အချိန်နဲ့တစ်ပြေးညီ မျှဝေ ဆောင်ရွက်ပေးတဲ့အတွက်လည်း မြန်မာနိုင်ငံရဲ့ ကိုယ်စား ကျေးဇူးတင်ကြောင်းလည်း ကျွန်တော် ပြောလိုပါတယ်။ ဘာပဲပြောပြော ဖြစ်ပွားမှုနှုန်း ကျသွားတဲ့အတွက် မြန်မာနိုင်ငံမှာ ရောဂါကြောင့်၊ စောစောကပြောတဲ့ ဇူလိုင်လတို့မှာတော့ သေဆုံးမှုနှုန်း မြင့်ခဲ့တာကိုး။ အဲဒီကနေပြီးတော့ တောက်လျှောက်ကျလာတာ မနေ့ကဆို ဆယ်ဂဏန်းလေးပဲရှိတော့တယ်။ ဆယ်ဂဏန်းကျော်ကျော်လေးပဲ ရှိတယ်။ တော်တော်လေးဝမ်းသာဖို့ ကောင်းပါတယ်။ သူများတိုင်းပြည်တွေ တချို့ဆိုပြန်ပြီး ကူးစက်မှု များနေတဲ့အချိန်မှာ သေတဲ့နှုန်းလည်း များနေတဲ့ အချိန်မှာ ကျွန်တော်တို့က ဖြစ်ပွားမှုနှုန်းရော သေတဲ့နှုန်းရော တော်တော်လေးကို ကျသွားတာ။ အဲဒီတော့ အင်မတန်ကို ကုသိုလ်ကံကောင်းတယ် လို့ပြောရလိမ့်မယ်။ အဲဒီတော့ တစ်ဖက်က ခုနက ပြောတဲ့ ထိုးဆေးနဲ့ ပတ်သက်ရင်လည်း ထိုးဆေးက။ ကျွန်တော်တို့က ဒီရောဂါသည် ယှဉ်တွဲနေထိုင်ရမယ့် ရောဂါ တစ်ခုလိုဖြစ်နေတယ်။ လုံးဝပျောက်ကင်းမယ်လို့ ဘယ်နိုင်ငံကမှ မပြောဘူး။ ကမ္ဘာ့ကျန်းမာရေး ကလည်း မပြောဘူး။ ဘယ်နိုင်ငံကမှလည်း အဆိုမပြုဘူး၊ သုံးသပ်ချက် မထုတ်ဘူး။ ကျွန်တော်တို့ ဒီရောဂါသည် ယှဉ်တွဲသွားရမည့် ရောဂါတစ်ခုလို့ ပြောထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က ကာကွယ်ဆေးကတော့ အနည်းဆုံး ၆ လတစ်ကြိမ်တော့ ထိုးနေရမယ့် အနေအထားရှိပါတယ်။ နောက်အသက်ပြည့်တဲ့ အရွယ်ရောက်တဲ့ ကလေးတွေ၊ မထိုးရသေးတဲ့အဖွဲ့တွေလည်း ကျန်နေသေးတယ်။ အခုတော့ ကမ္ဘာ့ကျန်းမာရေးက၊ အမေရိကန် FDA ကတော့ ကလေးတွေ ထိုးခွင့်ရှိတယ်ဆိုပြီး မနေ့ကတော့ အကြံပြုချက်တွေ ပေးတာတွေ့ပါတယ်။ ကျွန်တော်တို့ အဲဒီအဆင့်ထိ သွားမယ်ဆိုလို့ရှိရင် နောက်ထပ် ဆေးတွေအများကြီး လိုလာဦးမှာ ဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ၆ လပြည့်တိုင်း ပြန်ထိုးရမယ့် ဆေးတွေကလည်း သန်းနဲ့ချီပြီးလိုမှာ ဖြစ်တယ်။ ဒါကြောင့် ထိုးဆေးက မဖြစ်မနေ ပြည်တွင်းမှာထုတ်ဖို့ လိုအပ်ပါတယ်။ အနည်းဆုံး တစ်လကို လေးငါးသန်းတော့ ထုတ်နိုင်ဖို့လိုပါတယ်။ ဒါကတော့ သေချာပြန်တွက်ရမှာပေါ့။" ဟု ပြောကြားသည်။

### ဂရုတစိုက်ဖြင့်ဆောင်ရွက်

ယင်းနောက် ကာကွယ်ဆေးထုတ်လုပ်ရန် အတွက် ကုန်ကျစရိတ်များရှိသကဲ့သို့ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆေးရုံများတွင်လည်း ကုန်ကျစရိတ်များရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါတစ်ခုတည်းအပေါ်တွင် သုံးစွဲရသည့် နိုင်ငံတော်ဘဏ္ဍာငွေများမှာ ဘီလီယံနှင့်ချီ၍ ကုန်ကျကြောင်း၊



ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်စဉ်။

**✻ လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာလျက်ရှိပြီး နယ်စပ်ဒေသများတွင် ဖြစ်ပွားမှုနှုန်း ယခုထက်ပိုမိုလျော့ကျလာအောင် လုပ်ဆောင်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုလျင်မြန်ပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်၍ နယ်စပ်ဒေသများတွင် ကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးများအား အမြန်ဆုံးပို့ဆောင်၍ ဆေးထိုးနှံပေးသွားရန် လိုအပ်မည်**

**✻ ရောဂါဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သကဲ့သို့ ပွင့်လင်းရာသီသို့လည်း ရောက်ရှိလာပြီဖြစ်သဖြင့် အလှူမင်္ဂလာ အခမ်းအနားများ၊ မင်္ဂလာဆောင်များ၊ ဘာသာရေးအခမ်းအနားများ စသည့် လူစုလူဝေးပြုလုပ်ရသည့် အခမ်းအနားများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်လို၊ အားကစားဆောင်ရွက်မှုများကိုလည်း ကျန်းမာရေး ရှုထောင့်မှ ရှုမြင်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးရမည်**

နိုင်ငံတော်ဘဏ္ဍာငွေများ ကုန်ကျမှုအား လျှော့ချနိုင်ရန်အတွက် ကျန်းမာအောင် နေထိုင်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဝင်ငွေရရှိရန်အတွက် ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုများ မြှင့်တင်၍ ဝင်ငွေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်အနေဖြင့်လည်း ကုန်ထုတ်လုပ်မှုများအား အားတက်သရော အားပေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအလိုက်၊ တစ်ဦးချင်းအလိုက် စီးပွားရေး ကောင်းမွန်ရေးအတွက် ဂရုတစိုက်ဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒေသစီးပွားတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းတိုင်ပင်၍ စည်းစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

### သုတေသနပြုစမ်းသပ်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ လက်ရှိဖြစ်ပွားမှုနှင့် လျော့ကျလာသည့် အခြေအနေ၊ ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ခုတ်ခွဲလူနာများအား တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှုနှင့် ကုသဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေ၊ ရောဂါကူးစက်မှုအား တင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်နေသေးသည့် အခြေအနေ၊ ရောဂါကူးစက်မှု လျော့ကျလာသည့် မြို့နယ်များကို နေအိမ်တွင် နေထိုင်ရေး (Stay at Home) စာရင်းနှင့် သတ်မှတ်စည်းကမ်းချက်များမှ ဖြေလျှော့ပေးခဲ့သည့် အခြေအနေ၊ ပွဲလမ်းသဘင်များကို ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး၊ ပြည်ပသို့ ထွက်ခွာမှု၊ ပြည်ပမှ ပြန်လည်ဝင်ရောက်မှုများကို ခွင့်ပြုပေးနိုင်ရေး၊ ပြည်ပလေကြောင်းခရီးစဉ်များ ပြည်တွင်းဝင်ရောက်မှု လွယ်ကူလျင်မြန်စေရေး၊ Hotel များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်တွင်းခရီးစဉ်များ ပြန်လည်အသက်ဝင်စေရေး ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ရုံး၊ ဌာနများအလိုက် အင်အားအပြည့်ဖြင့် လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး၊ အားကစားလေ့ကျင့်မှုများကို SOP များဖြင့် သတ်မှတ်ဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံပေးနေမှု၊ ဆက်လက်ထိုးနှံပေးမည့် အခြေအနေနှင့် ထိုးနှံပြီးစီးသည့် အခြေအနေ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေ၊ နယ်စပ်ဝင်ပေါက်အသီးသီးရှိ မြို့များတွင် RT-PCR စက်များ တပ်ဆင်ထားရှိမှုနှင့် တိုးချဲ့တပ်ဆင်သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ တိုင်းရင်းဆေးမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသဆေး ထုတ်လုပ်နိုင်ရေး သုတေသနပြုစမ်းသပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

### တိုးချဲ့ထုတ်လွှင့်ပြသပေးလျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းအသီးသီးမှ တင်သွင်းဖြန့်ဖြူးလျက်ရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ ပြည်သူများ စိတ်အပန်းပြေစေရေးအတွက် အစီအစဉ်များကို တိုးချဲ့ထုတ်လွှင့် ပြသပေးလျက်ရှိသည့် အခြေအနေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အစရှိသည့် အနုပညာလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မည့် အခြေအနေ။

### မြန်မာနိုင်ငံတွင် Ready to Fill ထုတ်လုပ်နိုင်

မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအလိုက် ရောဂါပိုးကူးစက်ပြန့်ပွားမှု အခြေအနေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများအနေဖြင့် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဂိတ်အသီးသီးတို့မှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှု၊ ခွဲစစ်ဆေးမှု၊ ရောဂါပိုးတွေ့ရှိမှုနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေ၊ မြို့နယ်အလိုက် Spot Check များ သတ်မှတ်၍ များများစစ်၊ မြန်မြန်တွေ့၊ မြန်မြန်ကုဟူသည့် မူဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဦးတည်အုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများဝယ်ယူရရှိမှု၊ ပေးပို့လှူဒါန်းသည့် ဆေးဝါးများ ရရှိမှု၊ ထပ်မံရရှိရေး ချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အာဆီယံမှ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရောက်ရှိမှု၊ ဖြန့်ခွဲပေးပို့ထားမှုနှင့် ထပ်မံရောက်ရှိလာမည့် အခြေအနေ၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကာကွယ်ဆေးများအား မြန်မာနိုင်ငံတွင် Ready to Fill ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေ။

### စက်ရုံအသစ်များ ထပ်မံတည်ဆောက်

Relif Flight များဖြင့် ခရီးသည်နှင့် ဆေးဝါးများ၊ ဆေးပစ္စည်းများ သယ်ယူ ပို့ဆောင်ခဲ့မှု အခြေအနေ၊ ခရီးသည်နှင့် ကုန်ပစ္စည်းတင် လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ ကုန်းလမ်းပို့ဆောင်ရေးခရီးစဉ်များကို ပြန်လည်ပြေးဆွဲ ဆောင်ရွက်နေမှု အခြေအနေနှင့် တိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်စက်ရုံများဖွင့်လှစ်ထားရှိမှု၊ ထုတ်လုပ်မှုနှင့် လုံလောက်စွာ ထုတ်လုပ်နိုင်မှု အခြေအနေ၊ အရန်အနေဖြင့် Liquid Oxygen များ သိုလှောင်ထားရှိမှု၊ အောက်ဆီဂျင်စက်ရုံအသစ်များ ထပ်မံတည်ဆောက်နေမှု အခြေအနေ၊ ရောဂါ ကာကွယ်ရေး အထောက်အကူပြု Mask များ၊ Faceshield များ၊ လက်အိတ်နှင့် ဆေးထိုးအပ်များ ထုတ်လုပ်ဖြန့်ချိပေးနေမှု အခြေအနေ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသက် (၁၂) နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ဆက်လက်ထိုးနှံဆောင်ရွက်နေမှု၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ သက်မွေးတက္ကသိုလ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှ တက္ကသိုလ်များအပါအဝင် တက္ကသိုလ်အသီးသီးရှိ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊

*စာမျက်နှာ ၅ သို့*

# ဒေသ တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်

ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ များစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့်ဒေသများတွင် သတင်းရရှိမှု ပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံး တည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုရှိနေဆဲဖြစ်သည့် မြို့နယ်များအလိုက် Spot Check သတ်မှတ်၍ စစ်ဆေးခြင်း၊ ကုသခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

### အလေးထားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်က လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျလာလျက်ရှိပြီး နယ်စပ်ဒေသများတွင် ဖြစ်ပွားမှုနှုန်း ယခုထက် ပိုမိုလျော့ကျလာအောင် လုပ်ဆောင်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှု လျင်မြန်ပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် ကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးများအား အမြန်ဆုံးပို့ဆောင်၍ ဆေးထိုးနှံပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် စိတ်ရောကိုယ်ပါ အပြည့်အဝ လုပ်ကိုင်နိုင်ရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို စဉ်းစားဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးများ ပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းချက်များကြောင့် ပျက်စီးချို့ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### လေကြောင်းလိုင်းများ တိုးမြှင့်ပြေးဆွဲ

ရောဂါဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သကဲ့သို့ ပွင့်လင်းရာသီသို့လည်း ရောက်ရှိလာပြီဖြစ်သဖြင့် အလှူမင်္ဂလာအခမ်းအနားများ၊ မင်္ဂလာဆောင်များ၊ ဘာသာရေးအခမ်းအနားများ စသည့် လူစုလူဝေး ပြုလုပ်ရသည့် အခမ်းအနားများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်လိုကြောင်း၊ အားကစားဆောင်ရွက်မှုများကိုလည်း ကျန်းမာရေးရှုထောင့်မှ ရှုမြင်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ဆေးရုံများ၊ စင်တာများ သာမက ဆေးရုံများတွင် လိုအပ်မည့် ကျန်းမာရေးဝန်ထမ်း၊ အောက်ဆီဂျင်၊ ဆေးရုံသုံး ပစ္စည်းများကိုလည်း ပြည့်စုံမှုရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ လေကြောင်းလိုင်းများ တိုးမြှင့်ပြေးဆွဲနိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးရာတွင် ပြည်တွင်း လေကြောင်းလိုင်းများကို SOP နှင့်အညီ ဦးစွာခွင့်ပြုသွားရန် လိုအပ်ပြီး ပြည်ပလေကြောင်းလိုင်းများအား သက်ဆိုင်ရာနိုင်ငံများ၏ ကူးစက်ဖြစ်ပွားမှုနှုန်းအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းရင်းဆေးများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်မှုများကိုလည်း စဉ်ဆက်မပြတ် အားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရောဂါ ဖြစ်ပွားမှုနှုန်းလျော့ကျလာသည့်အတွက် အနုပညာဆိုင်ရာလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် သတ်မှတ်စည်းကမ်းအတိုင်းသာ လုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

### ၅၀ ရာခိုင်နှုန်းအား ပြည့်ဝစွာ ထိုးနှံပေး

Relief Flight များ ပြေးဆွဲ၍ နေရပ်ပြန်များ၊ ဆေးနှင့် ဆေးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး တိုးမြှင့်ပြေးဆွဲသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး ဝယ်ယူရရှိမှုအား မိမိတို့ရည်မှန်းထားသည့် ၂၀၂၁ နှစ်ကုန်ပိုင်းတွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ပြည့်ဝစွာ ထိုးနှံပေးနိုင်ရေးအတွက် ထပ်မံချိတ်ဆက်ဝယ်ယူ သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာသည် ဆိုသော်လည်း အချက်အလက် Figure များမှန်ရန် လိုအပ်ပြီး မှန်မှသာလျှင် Analysis လုပ်ဆောင်မှုများကို မှန်ကန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် အချိန်မှစ၍ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေ၊ စစ်ဆေးသည့် အရေအတွက်၊ ရောဂါတွေ့ရှိသည့် ဦးရေ၊ သေဆုံးမှုများကို အမှန်အတိုင်း သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ Second Wave နှင့် Third Wave ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာပြီဖြစ်သော်လည်း ဆက်လက်စောင့်ကြည့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာရန် လိုအပ်မည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ထူးခြားမှုများရှိပါက သတင်းပို့ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် စပ်ဆေးများ အသုံးပြုခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြစေလိုပြီး ကျန်းမာရေးခွင့်ပြုချက်လိုင်စင်ရှိသည့် ဆေးဆိုင်၊ ဆေးခန်းများမှ ညွှန်ကြားသည့် ဆေးများကိုသာ သုံးစွဲစေရန် လိုကြောင်းနှင့် စပ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးများကို သိရှိနားလည်နိုင်ရေး ကျန်းမာရေး အသိပညာပေးမှုများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများမှအစ ရောဂါ ကူးစက်ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ မျက်ခြည်မပြတ် စောင့်ကြည့်၍ လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

### ထိထိရောက်ရောက်ဆောင်ရွက်

ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ EAO နယ်မြေများ၊ နယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများအထိ အကွက်စေ့စွာ ထိုးနှံပေးနိုင်ရေးဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပြင် အခြားရောဂါများနှင့် ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သဘာဝဘေးကြောင့် မိုးစပါးထိခိုက်ပျက်စီး ပြန်စိုက်ကေအတွက် ယူရီးယားမြေသြဇာများ ထောက်ပံ့

ထားဝယ် အောက်တိုဘာ ၂၈



**သဘာဝဘေးကြောင့် မိုးစပါးထိခိုက်ပျက်စီးပြန်စိုက်ကေအပေါ် ယူရီးယားမြေသြဇာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၁ ခုနှစ် မိုးရာသီတွင် တနင်္သာရီတိုင်းဒေသကြီး အတွင်း သဘာဝဘေးကြောင့် မိုးစပါး ထိခိုက် ပျက်စီးပြီး ပြန်စိုက်ရသော စိုက်ကေများအပေါ်တွင် နိုင်ငံတော်က ယူရီးယားဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများအား အခွင့်အရေး ကာကွယ်ရန်နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ လိုအပ်သည်များကို အစဉ်တစိုက် အကူအညီများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က တောင်သူလယ်သမားများအပေါ်တွင်ထားရှိသော စေတနာများကို အသိအမှတ်ပြု တန်ဖိုးထားပြီး တောင်သူများအနေဖြင့်လည်း မိမိစိုက်ပျိုးရမည့် မိုးစပါး၊ နွေစပါးများကို အောင်အောင်မြင်မြင် စိုက်ပျိုးသွားရန်နှင့် စိုက်ရန်ရှိသည့် သီးထပ်သီးညှပ်များကိုပါ တစ်ပါတည်း ပေါင်းပြီး လိုအပ်သည်များကို ပြည့်မီအောင် စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆန်စပါးရာခိုင်နှုန်း အပြည့် မဖူလုံသောကြောင့် အစိုးရအဖွဲ့အနေဖြင့် စိုက်ကေများ တိုးချဲ့ရန်၊ စိုက်ပျိုးနည်းစနစ်များ တိုးချဲ့ရန်၊ မိုးစပါးပြောင်းလဲမှုများနှင့် လိုအပ်သော ဓာတ်မြေသြဇာများကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ယူရီးယားဓာတ်မြေသြဇာကို နွေစပါးအတွက်လည်း ထပ်မံပြီး နိုင်ငံတော်က သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ပြီး ရောင်းချပေးရန် အစီအစဉ်ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဝိုင်းဝန်းပြီးဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးကြောင့် မိုးစပါးထိခိုက် ပျက်စီးပြန်စိုက်ကေ ၈၆၄ အား ယူရီးယား မြေသြဇာထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူပြီး တောင်သူများကိုယ်စား တနင်္သာရီမြို့နယ်မှ တောင်သူကိုယ်စားလှယ် ဦးထွန်းဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွေးချယ်မှု

မောင်နှင်းဆီ

**လက်ကိုင်ဖုန်းလေးဟာ အမှိုက်ပုံကြီးလိုပဲ ညစ်ပတ်ပေရေနံ့စော်နေတဲ့ အလိမ်အညာတွေ၊ မကြားသင့်တဲ့စကားတွေ ကြားရ၊ မမြင်သင့်တဲ့ မဖွယ်မရာတွေ မြင်ရ၊ တော်တော်ရှုပ်ပွေတာတွေ ရှိနေသလို သိစရာ၊ ဖတ်စရာ၊ လေ့လာမှတ်သားစရာ အသိအမြင် ဗဟုသုတတွေလည်း အများကြီးရှာလို့ရတဲ့ စာကြည့်တိုက်လိုပါပဲ။ ရှာဖွေလေလေ တွေ့ရှိလေလေပါလား။ အကျိုးပြုတာလည်းရှိပေသား။**

တစ်နေရာမှာ အိန္ဒိယနိုင်ငံသမ္မတကြီးတစ်ဦး ဖြစ်ခဲ့တဲ့ ဒုံးပျံပညာရပ်ဆိုင်ရာ အာကာသသိပ္ပံပညာရှင် အဗ္ဗဒူကာလမ်ပြောစကားအချို့ ကောက်နုတ်တင်ပေးထားတာလေးကို ဖတ်ရတယ်။ တကယ်တော့ လူသားတွေ အမှန်တကယ်မထိန်းကျောင်းနိုင်တဲ့အရာ ငါးခုရှိတယ်တဲ့။ လူ့ရဲ့ဆန္ဒအလိုကို မလိုက်ပါဘဲ သူဖြစ်ချင်သလို ဖြစ်နေတဲ့ သဘောသဘာဝရှိနေကြတယ်တဲ့။ စာရေးသူက သူ့စကားနဲ့ သူ့ဆိုလိုချက်အဓိပ္ပာယ်ကို ကောင်းတယ် ဆိုးတယ်လည်း မပြောလိုဘူး။ ထောက်ခံတာ၊ ကန့်ကွက်တာလည်း မလုပ်ပါဘူး။ ဖြည့်စွက်တာ၊ နုတ်ပယ်တာလည်း မလုပ်ချင်ပါဘူး။ အရှိအတိုင်း သူပြောတာကိုသာ မျှဝေတဲ့ သဘောပါ။ မှန် မမှန် သင့်မသင့်ကိုတော့ စာဖတ်သူက ကိုယ်တိုင်ဆင်ခြင်သုံးသပ်ဆုံးဖြတ်တာက ပိုမိုသင့်လျော်ပါလိမ့်မယ်။ လူတွေက ထိန်းကျောင်းလို့မရဘဲ သူ့သဘောသူဆောင်ပြီး ဖြစ်ပျက်နေကြတဲ့ အရာငါးခုကတော့-

၁။ **အချိန်။** မရပ်မနားရွေ့လျားပြီး မိနစ် နာရီနဲ့ အမျှ ရှေ့ကိုသာပုံမှန်သွားနေတယ်။ သင်က ရပ်ပါဆိုလည်း ရပ်မှာမဟုတ်ဘူး။ နှေးနှေးသွားပါပြောလည်း မနှေးဘူး။ မြန်မြန်ရွေ့ပါပြောလည်း မရဘူးတဲ့။ အချိန်ယန္တရားဟာ ပုံမှန်သွားနေစမြဲ သွားနေမှာပဲ။ လက်ခံလား။

၂။ **အတိတ်နဲ့အနာဂတ်။** အတိတ်သမိုင်းစာမျက်နှာတွေလည်း ပြီးခဲ့ပြီ၊ လွန်ခဲ့ပြီ။ ပြင်ချင်၊ ပြောင်းချင်လို့မရ။ အနာဂတ်အဖြစ်အပျက်တွေကလည်း ကိုယ်ဖြစ်ချင်သလို ဖန်တီးလို့မရဘူး။ အကြောင်းပေါင်းဆုံပြီး ဖြစ်ပေါ်ပြောင်းလဲနေတာပဲ။ ဗေဒင်ဆရာ၊ မှော်ဆရာတွေ ကြိုဟောကိန်းများလည်း မှန်ချင်မှန်မယ်၊ မှန်ချင်မှမှန်မယ်၊ တိတိကျကျတော့ ဘယ်သူမှ မှန်းဆမသိမြင်နိုင်တာ သေချာတယ်။ (ဒီအချက်မှာ ခြွင်းချက်တစ်ခုတော့ရှိတယ်၊ နောက်မှာ ဖော်ပြပါမယ်)

၃။ **လူတွေ။** သူတို့ကို ကိုယ်ဖြစ်စေချင်သလိုဖြစ်အောင် ထိန်းကျောင်းဖို့ဟာ အပြည့်အဝမရနိုင်ပါဘူး။ သူတို့အပြုအမူ၊ အပြောအဆို၊ အတွေးအကြံ၊ ခံစားမှု၊ ယုံကြည်မှု၊ တုံ့ပြန်မှု ဘာကိုမှ ချုပ်ကိုင်ထားဖို့ မလွယ်လှဘူး။

၄။ **အခြားသူရဲ့ပျော်ရွှင်မှု။** အချိန်နဲ့အမျှ နေရာနဲ့အမျှ အခြေအနေနဲ့အမျှ သဘောသဘာဝတွေက ရွေ့လျားပြောင်းလဲနေတာမို့ မထိန်းကျောင်းနိုင်ပါဘူး။ သူတစ်ပါးရဲ့ ပျော်ရွှင်မှုကို ပေးနေဖို့ဝေးလို့ ကိုယ့်ဘဝကိုယ်တောင် ပျော်ရွှင်အောင် ခဏလေးနေနိုင်ဖို့ရာ မလွယ်လှပါ။

၅။ **ပကတိရှိနေတဲ့ လောကနိယာမ။** အဲဒါကို ကိုယ့်ဆန္ဒနဲ့မတူညီလို့ ညှိနှိုင်းပြုပြင်ဖို့ဟာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ရေကြီးတာ၊ မီးလောင်တာ၊ လျှင်လှုပ်တာ၊ မထင်မှတ်ဘဲနဲ့ မီးတောင်ပေါက်ကွဲတာ၊ ဆူနာမီရေလှိုင်း၊ မုန်တိုင်းတိုက်ခတ်ဖျက်ဆီးတာတွေဟာ လူကထိန်းချုပ်လို့မရသေး။

ဒါဆိုရင် လူက ဘာမှမလုပ်နိုင်၊ မဖန်တီးနိုင်လို့ လက်မှိုင်ချနေရတော့မှာလား။ အရှုံးပေးပြီး ငုံ့ခံနေရုံပဲလားဆိုရင် မဟုတ်ပါ။

လူကထိန်းချုပ်နိုင်တာ ရှိပါတယ်တဲ့။ အဲဒါကတော့ စိတ်ကူးပါပဲတဲ့။ အတွေးဟာ ကိုယ်ကထိန်းကျောင်းတတ်ရင် တည့်မတ်ပြုပြင်လို့ ရပါတယ်လို့ အဗ္ဗဒူကာလမ်က ပြောပါတယ်။ သူရေးထားတဲ့ဝါကျက-

"You will become what you believe."

သင်ယုံကြည်တဲ့အတိုင်းတော့ ဖြစ်လာမှာပဲ။ ဒီအချက်ဟာ လူ့ဘဝအတွက် အလွန်အရေးကြီး

**ယုံကြည်ချက်ရှိအောင်က လေ့ကျင့်မှုရတယ်။**
**စိတ်လေ့ကျင့်ခန်းပေါ့။**
**လေ့ကျင့်တော့ တတ်ကျွမ်းမယ်။ ကျွမ်းကျင်တယ်။**
**ကျွမ်းကျင်တော့ ယုံကြည်တယ်။**
**ယုံကြည်တော့ ရဲရင့်တယ်။**
**ရဲရင့်တော့ စွန့်စားလုပ်ဆောင်ဝံ့တယ်။**

ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်တဲ့။ ရဲရဲရင့်ရင့် ဝံ့ဝံ့စားစား ဖွဲ့နဲ့ကြိုးစားလုပ်ဆောင်နေရင် ဘာဖြစ်မလဲ။

> **"ဥပဒေမရှိတဲ့ လောကမှာ ဘယ်လိုလုံခြုံမှာလဲ။ ရှုးရှူးမိုက်မိုက်နဲ့ ထွက်လာခဲ့တဲ့ ရွေးချယ်ဆုံးဖြတ်ချက်ကပင် ပန်းတိုင်မရောက်ဘဲ လွဲချော်ခဲ့ပါပြီ။ လူငယ်ပေါင်းများစွာဟာ လေထဲကမြှောက်ပေးတဲ့ အလွဲမျှော်လင့်ချက်ပေးမှုတွေမှာ နစ်မြောပြီး တော်လှန်ရေးကို ကလေးကစားစရာလို့ မှတ်ထင်မိတာကိုး"**

လှပါတယ်။ ယုံကြည်ချက်ရှိရတယ်။ ခိုင်မာ မြဲမြံတဲ့ယုံကြည်ချက်က ယုံကြည်တဲ့အတိုင်း ဖြစ်ပေါ်စေပါတယ်။ ယုံကြည်ချက်ရှိတယ် သာမန်ဆိုရုံမျှနဲ့တော့လည်း မရဘူး။ ပသန္နသဒ္ဓါ အရိုးကြေကြေ၊ အရေခန်းခန်း၊ နောက်မဆုတ်တမ်း၊ အောင်ပန်းဆွတ်တဲ့ထိအောင် မလျှော့တမ်း လုပ်ဆောင်မယ်ဆိုတဲ့ လက်တွေ့သဘောဆန္ဒထက်သန်မှုပါတဲ့ ယုံကြည်မှုမျိုးကို ပြောတာဖြစ်မယ်။

" ဣဒ္ဓိပါဒ်လေးပါး" ဆိုတာ စာဖတ်သူများကြားဖူးမှတ်ဖူးမှာပါ။ စွမ်းအားတန်ခိုးကြီးမားတဲ့ အခြေခံတရားလေးချက်ပေါ့။ အောင်မြင်ပြီးမြောက်လိုရာခရီးပန်းတိုင်ကို ဆိုက်ရောက်စေတဲ့ အရာလေးပါး။

၁။ ဆန္ဒဣဒ္ဓိပါဒ်
၂။ ဝီရိယဣဒ္ဓိပါဒ်
၃။ စိတ္တဣဒ္ဓိပါဒ်
၄။ ပညာဣဒ္ဓိပါဒ်

ကိုယ်က လူတွေကိုလည်း မပိုင်ဘူး။ အတိတ်ကိုလည်း မပြောင်းလဲနိုင်ဘူး။ သဘာဝတရားတွေကိုလည်း မပြုပြင်နိုင်ဘူး။ ကိုယ်လုပ်နိုင်တာက ကိုယ့်မှာရှိနေတဲ့ စိတ်ပိုင်းစေတသိက်ပိုင်း ကိုယ့်ရဲ့နာမ်တရား။ မမြင်ရပေမယ့် ရှိနေတာ သေချာတယ်။ ကိုယ်ကတကယ်ပိုင်လို့ ထိန်းကျောင်းမောင်းနှင်နိုင်တယ်။ ပြုပြင်ဖန်တီးနိုင်ပါတယ်။ ဒါဟာ ကိုယ်စွမ်းတဲ့အရာတွေဖြစ်ပါတယ်။

**"သင်ရဲ့ ယုံကြည်မှုအတိုင်း သင်ဖြစ်လာတာပဲ။"**

ဒီသဘော ဒီအကြောင်းအရာတွေ ရေးထားတဲ့ စာအုပ်ပေါင်းဟာ မရေနိုင်ပါဘူး။ အင်္ဂလိပ်လိုကော၊ မြန်မာလိုကော စိတ်ဓာတ်မြှင့်တင်ရေး၊ စိတ်ပညာအကြံပေး၊ တိုးတက်အောင်မြင်ရေး၊ ကြီးပွားရေး၊ တက်ကျမ်း (self-help) စာအုပ်တွေတိုင်းမှာ မပါမဖြစ်ပါနေတဲ့ အခန်းပါပဲ။

**အောင်မြင်တာပေါ့။**

အောင်မြင်စေတဲ့ လမ်းကြောင်းလမ်းမှန်မို့ ဒီအခြေခံဥပဒေသနည်းနာကို ဣဒ္ဓိပါဒ်လေးပါးလို့ မြတ်စွာဘုရားသခင်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ဟောကြားသင်ပြခဲ့တာပဲ။

ယုံကြည်ချက်ဆိုတာက ဖြစ်ချင်တဲ့ ဆန္ဒနဲ့ သက်ဆိုင်တယ်။ အဓိပတိတရား လေးပါးထဲမှာ ဆန္ဒာဓိပတိက ပထမဦးဆုံးပဲ။ သိတယ်မဟုတ်လား။

မေးပါရစေ၊ ဘာဖြစ်ချင်တာလဲ

ဝေဝါးဝါး ယောင်တောင်တောင်နဲ့ သွားနေကြတဲ့ လူပေါင်းများစွာ သနားစရာပါပဲ။ ဘယ်သွားလို့ သွားနေမှန်းလည်းမသိ၊ ချောက်ထဲ ကျင်းထဲကျ။ ဒုက္ခကြုံရ။

လွတ်မြောက်နယ်မြေကို တော်လှန်ရေးသင်တန်းတက်ဖို့ သွားတယ်တဲ့။ တရားဥပဒေစိုးမိုးမှုမရှိတဲ့ တောရိုင်းတိရစ္ဆာန်လို နိုင်ရာစားလောက အမှောင်တိုက်ထဲမှာ လူလိုလည်း လူ့ဂုဏ်သိက္ခာနဲ့ မနေနိုင်ဘူး။ (ဘာလူ့အခွင့်အရေးမှ မရနိုင်တဲ့ သတ္တဝါအကျင့်၊ သတ္တဝါအကြံနဲ့ ရှင်သန်နေကြရတဲ့ တောတောင်ကန္တာရလေ) ရက်ရက်စက်စက်, မတရားသဖြင့် နှိပ်စက်သတ်ဖြတ်တာ တွေ့ရမယ်။ ရိုင်းစိုင်းကြမ်းတမ်းတာတွေ ကြုံရမယ်။ အသက်ကိုလည်း မကာကွယ်နိုင်။ အရှက်ကိုလည်း မကာကွယ်နိုင်။ ယုတ်မာရက်စက်တဲ့ အနိုင်ကျင့်ခံရမှုတွေကို ခံစားရလိမ့်မယ်။ ဉာဏ်နဲ့ကြိုမြင်နိုင်ပါစေ။

ဥပဒေမရှိတဲ့ လောကမှာ ဘယ်လိုလုံခြုံမှာလဲ။ ရှုးရှူးမိုက်မိုက်နဲ့ ထွက်လာခဲ့တဲ့ ရွေးချယ်ဆုံးဖြတ်ချက်ကပင် ပန်းတိုင်မရောက်ဘဲ လွဲချော်ခဲ့ပါပြီ။ လူငယ်ပေါင်းများစွာဟာ လေထဲက မြှောက်ပေးတဲ့ အလွဲမျှော်လင့်ချက်ပေးမှုတွေမှာ နစ်မြောပြီး တော်လှန်ရေးကို ကလေးကစားစရာလို့ မှတ်ထင်မိတာကိုး။

တောခိုသူပုန် ကျောင်းသားခေါင်းဆောင်ဟောင်း ရဲဘော်အောင်ဝင်း (မင်းသားဗိုလ်ဗကို) သေနတ်ဒဏ်ရာရပြီး သူရှင်ပြုပေးမယ့်သားလေး (သန်းနွဲ့ရဲ့ သား သန်းထွန်းနွဲ့) ကို ပခုံးလေးကိုင်ရင်း မျက်ရည်တွေဝိုင်းနေတဲ့ မျက်လုံးနဲ့ကြည့်ရင်း **"တော်လှန်ရေးဆိုတာဟာ ကစားစရာ အလုပ်မဟုတ်ဘူး သားလေးရေ"** တဲ့။ မသေခင် နောက်ဆုံးစကား မှာသွားခဲ့ရှာတယ်။

အမေရိကန်ပြည်ထောင်စုက စီအိုင်အေတွေနဲ့ အမေရိကန်ဟောလီးဝုဒ်က အကျော်အမော်ကင်မရာသမားတွေ ရိုက်ကူးစက်တွေနဲ့ ၁၉၅၀ လွန် ကာလဆီက သခင်နုရေးတဲ့ လူထုအောင်သံပြဇာတ်နဲ့ **"လူထုအောင်သံ"** ရုပ်ရှင်ထဲက ပရိသတ်မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရတဲ့ တောခိုသူပုန်ကွန်မြူနစ်ဆန့်ကျင်ရေးဝါဒဖြန့် ဇာတ်ကွက်လေ။ ကျေးလက်တောရွာတွေထိအောင် ပိတ်ကားထောင်ပြီး ပြသခဲ့တယ်။ ပြည်ထောင်စုတည်မြဲရေး၊ ဒီမိုကရေစီရှင်သန်ရေး၊ လက်နက်ကိုင်အကြမ်းဖက် တစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်ရေးကို အစိုးရပြန်ကြားရေးဝန်ကြီးဌာနက ဗဟိုရုပ်ရှင်ဆိုတာ သိပ်အောင်မြင်တာပဲ။ ပြည်သူလူထုနားဝင်အောင် စည်းရုံးဆွဲဆောင်တဲ့နေရာမှာ အနုပညာပြောင်မြောက်တဲ့အပြင် ကျယ်ကျယ်ပြန့်ပြန့်လည်း စွမ်းဆောင်နိုင်ခဲ့တာ တွေ့ရတယ်။ တော်ကြတယ်။

ဦးသန့်၊ ဦးဉာဏ၊ ဆရာကြီးမောင်ထင်၊ ဆရာဇော်ဂျီစတဲ့ ဉာဏ်ပညာထူးချွန်ပြောင်မြောက်တဲ့ ပညာရှင်တွေ ပါဝင်ဦးဆောင်ပြီး ပြည်သူအများနှစ်သက်လက်ခံအားပေးအောင် အနုပညာစစ်မျက်နှာက လုပ်ဆောင်နိုင်ခဲ့ကြတယ်။ ပြည်သူတွေကို လမ်းမှန်ပြပြီး အနုပညာနဲ့ ဆွဲဆောင်ခဲ့ကြတဲ့ ဆရာသုခ( အကယ်ဒမီ ၅ ထပ်ကွမ်းဒါရိုက်တာကြီး ဦးသုခ) (လူထုအောင်သံဇာတ်ကားထဲမှာ ကျောင်းဆရာ ဖိုးဆိတ်အဖြစ် ကွန်မြူနစ်သူပုန်က ဒလန်ဆိုပြီး အသတ်ခံရသူအဖြစ် သဘာဝကျကျ သရုပ်ဆောင်ခဲ့သူ)

" You will become what you believe."

အိန္ဒိယသိပ္ပံပညာရှင်သမ္မတကြီး အဗ္ဗဒူကာလမ် ရေးသားပြောကြားခဲ့တာ ကောင်းပါတယ်။ မှန်ပါတယ်။ သူ့အရင်အချိန်ပိုရှေ့ကျတဲ့ ဘဝလမ်းညွှန်စာရေးဆရာတွေ ရေးခဲ့ကြတာလည်း ဒီသဘောမျိုး အများကြီးရှိခဲ့ပါသေးတယ်။ **"သင့်အတွေးအကြံအတိုင်းသာ ဖြစ်လာမှာပဲ"** လို့ ဂျိမ်းစ်အာလန်ဆိုတဲ့ စာရေးဆရာက စာအုပ်တစ်အုပ်ရေးထားပါတယ်။ နှစ်ပေါင်းရှစ်ဆယ်၊ တစ်ရာကြာပါပြီ။

ဘဝတစ်ခုရဲ့ အောင်မြင်မှုဆိုတာက မိမိတစ်ဦးတစ်ယောက်စာ ကွက်ကွက်ကလေးအတွက်ပဲ ထည့်စဉ်းစားရတာမျိုး မဟုတ်ဘူးကွဲ့။ မိမိဟာ လူအသိုက်အအုံ ပတ်ဝန်းကျင်လောကထဲမှာ ပေါက်ဖွားရှင်သန်လာခဲ့ရတာ။ ခြေလေးချောင်းသတ္တဝါမျိုးလို ရက်ပိုင်း လပိုင်းနဲ့ ရပ်နိုင်လျှောက်နိုင်မဖြစ်လာပါဘူး။ လူက ထူးခြားတယ်။

လူတစ်ယောက် ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ကနေပြီး ထိုင်နိုင်၊ ရပ်နိုင်၊ လမ်းလျှောက်တတ်အောင် လူဖြစ်လာအောင် ပြုစုယုယလုပ်ကျွေးပြုစုခဲ့ကြရတဲ့ အမိရယ်၊ အဖရယ်၊ မိသားစုရယ်၊ ဆွေမျိုးရပ်ရွာရယ်၊ ကျေးဇူးပြုခဲ့တဲ့ အသိုင်းအဝိုင်းကို လူပီသရင် ထည့်စဉ်းစားတတ်ရပေမယ်။

ဒါကြောင့် ငါလူ့ဘဝမှာ ဖြစ်ပေါ်ရှင်သန်အောင် မိဘနှစ်ပါးအပါအဝင်၊ မိသားစု၊ ဆွေမျိုးများ အပါအဝင်၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်တိုင်းပြည်ကို ကျေးဇူးသိတတ် ကျေးဇူးဆပ်တဲ့လမ်းကြောင်းအတိုင်းသွားမယ်ဆိုတဲ့ ယုံကြည်ချက်၊ ခံယူချက်၊ ဆုံးဖြတ်ချက်၊ စိတ်ဆန္ဒထက်သန်မှုရှိမှ ဒါဟာ မှန်ကန်တယ်။

*စာမျက်နှာ ၇ သို့*

# တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၆၁ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး/ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး — ဒုတိယဥက္ကဋ္ဌ

( ဂ ) ဒုတိယဝန်ကြီး/ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမည်စာရင်း တင်သွင်းသောတရားလွှတ်တော်ရှေ့နေ သုံးဦး — အဖွဲ့ဝင်

( င) ပြည်ထောင်စုဝန်ကြီး/ ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေသုံးဦး — အဖွဲ့ဝင်

( စ ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန — အတွင်းရေးမှူး"

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၅ ကို ပယ်ဖျက်ရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ ပါ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်အား "ဥပဒေရေးရာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင်များအတွက် စရိတ်ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘိလပ်မြေလုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် အောက်တိုဘာ ၂၈**

ဘိလပ်မြေ လုပ်ငန်းရှင်များ အသင်း ပြန်လည်ဖွဲ့စည်းနိုင်ရေးနှင့် ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။ **(ဃာပုံ)**

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဘိလပ်မြေ ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ စက်ရုံမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ ဘိလပ်မြေလုပ်ငန်းရှင်များအသင်းအဖွဲ့ (Myanmar Cement Association – MCA) ဖွဲ့စည်းနိုင်ရေးအတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနမှ ထောက်ခံအတည်ပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ဘိလပ်မြေလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ "ဆောက်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများမှ စက်စွမ်းအားပြည့် လည်ပတ်၍ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် ဘိလပ်မြေ ထုတ်လုပ်ရာတွင် စွမ်းအင် ချွေတာနိုင်ရန်အတွက် Wet Method မှ Dry Method သို့ ပြောင်းလဲဆောင်ရွက်ရန်" နှင့် "ပြည်တွင်းဘိလပ်မြေ လုပ်ငန်းအား အားပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဘိလပ်မြေ အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ပြည်ပဘိလပ်မြေ တင်သွင်းမှုကို လျှော့ကျသွားစေရေးဆောင်ရွက်ရန်" နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားပါကြောင်း။

ပြည်တွင်း ဘိလပ်မြေစက်ရုံများအနေဖြင့် စက်ရုံအလိုက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်နေသော်လည်း မြန်မာနိုင်ငံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီရန်အရေးကြီးပါကြောင်း၊ ပြည်တွင်းထုတ် ဘိလပ်မြေများနှင့် ပြည်ပမှ တင်သွင်းလာသည့် ဘိလပ်မြေများ၏ အရည်အသွေးများကို စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းများ ထူထောင်လျက်ရှိပါကြောင်း၊ ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်နေရမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် Wet Process သည် စွမ်းအင်ပိုမိုသုံးစွဲရ၍ တစ်ယူနစ်ထုတ်လုပ်မှုစရိတ်မြင့်မားသောကြောင့် စီးပွားရေးတွက်ခြေကိုက်မှုရှိအောင် Dry Process ကို ပြောင်းလဲဆောင်ရွက်သင့်ကြောင်း၊ Myanmar Cement Association ဖွဲ့စည်းပြီးပါက ဘိလပ်မြေ ထုတ်လုပ်နေသည့် လုပ်ငန်းရှင်များ၏ တွေ့ကြုံနေရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးနိုင်ခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်နိုင်ရေး ကြပ်မတ်ပေးနိုင်ခြင်း၊ ဘိလပ်မြေသုံးစွဲသည့် လုပ်ငန်းရှင်/ပြည်သူများအား အရည်အသွေးမီပြီး ဈေးနှုန်းသင့်တော်သော ဘိလပ်မြေများကို အသုံးပြုနိုင်စေခြင်း၊ နိုင်ငံတော်အတွက် လိုအပ်သော ဘိလပ်မြေများကို အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီဖြည့်ဆည်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Myanmar Cement Association တွင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းအကြံပြု သုံးသပ်ဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ Myanmar Cement Association ဖွဲ့စည်းနိုင်ရေးအတွက် ဝိုင်းဝန်းအဆိုပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

တရားမျှတတယ်။ ကြိုးစားအားထုတ်လုပ်ဆောင်ချက်ဟာ အဓိပ္ပာယ်ရှိတယ်။ အမြော်အမြင်ပြည့်ဝရာရောက်တယ်။ ဟုတ်ပြီနော်။ ဒါမှသာ အောင်မြင်မယ်။

ယုံကြည်ချက်ရှိတယ်၊ အောင်မြင်ရမယ်၊ စွန့်စားမယ်ဆိုသော်လည်း မြန်မာပြည်ကို မငြိမ်မသက်ဖြစ်အောင် ဖျက်ဆီးဖို့၊ မြန်မာတိုင်းရင်းသားတွေကို နှိမ်နင်းသတ်ဖြတ်ဖို့ (မျက်နှာဖြူတွေ၊ မျက်လုံးပြူးတွေ၊ မုတ်ဆိတ်တွေ) က ထောက်ပံ့ပေးကမ်းတာနဲ့ သူတို့ခိုင်းသမျှ လိုက်နာလုပ်ဆောင်ဖို့ရာ ရွေးချယ်မှုလမ်းကြောင်း လွဲမှားခဲ့သည်ရှိသော် ဒါမျိုးတွေ များခဲ့ပြီ။

လွန်ခဲ့တဲ့ ၁၉၅၁ ခုနှစ် (နှစ်ပေါင်း ၇၀ ကျော်လောက်က) လွတ်လပ်ရေးရစ လက်နက်ကိုင်ဆူပူအုံကြွမှုတွေလိုပဲ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေဟာ မိုက်မဲသူအချို့ကြောင့် စစ်မီးလျှံထဲကျရောက်ပျက်စီးရပေဦးတော့မယ်။ ကြောက်စရာကောင်းလိုက်တဲ့ အသိဉာဏ်နည်းပါးမှု၊ ဆင်ခြင်တုံတရား ခေါင်းပါးမှုပါလား။

လူဆိုတာအတ္တဗဟိုပြုကြစမြဲပါပဲ။

ဒါကြောင့် ငါ့ကိစ္စ၊ ငါ့ဘဝ၊ ငါ့အကျိုးနဲ့ငါ့ရဲ့ အောင်မြင်မှု ကြီးပွားမှုကို ဦးစားပေးကြတာသဘာဝပါ။ မိမိတို့လူသားမှာ ပခုံးနှစ်ဖက်ပါလာတာဟာ ထူးဆန်းတယ်။ (နွားတိရစ္ဆာန်ကတော့ တစ်ဘို့တည်းပါတာ အမြင်ပဲ) လူမှာ ပခုံးနှစ်ဖက်နဲ့မွေးဖွားလာခြင်းရဲ့ အကြောင်းရင်းက အဓိပ္ပာယ်ရှိတာပေါ့။

စာရေးဆရာဗန်းမော်တင်အောင်ရေးဖူးတဲ့ စာပိုဒ်တစ်ခုဟာ အင်မတန်မှတ်သားလေးစားစရာကောင်းပါတယ်။ သမိုင်းတွင် ဂန္ထဝင်စကားလို့ပင် ဆိုထိုက်ပါရဲ့။

**"လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်းနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို သူဘယ်လောက်ကျေပွန်စွာ ထမ်းဆောင်သလဲဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ "** တဲ့ မှန်တာပေါ့ကွယ်။

လူသားကောင်းတစ်ယောက်ဖြစ်ဖို့ရာ ပထမဦးစားပေးအရေးကြီးဆုံးလုပ်ရမှာကတော့ လောကတ္ထစရိယာ၊ လောကကောင်းကျိုးပါပဲ။ လောကကောင်းကျိုးအတွက်ဆိုရင် ငြိမ်းချမ်းရေးပေါ့။ လက်နက်ကိုင်တိုက်ခိုက်ရေးဟာ စွန့်ပယ်ပါ။

ဒုတိယဦးစားပေးလုပ်ဆောင်ရမယ့် သမိုင်းပေးတာဝန်က သင့်ပခုံးပေါ်မှာ ရောက်ရှိနေပါပြီ။ ဉာတတ္ထစရိယာ၊ မိမိရဲ့မိဘ၊ ဆွေမျိုး၊ လူမျိုး၊ တိုင်းပြည်အကျိုးကိုဆောင်ရွက်ရန် ဖြစ်ပါတယ်။ မိမိတို့နိုင်ငံကို မီးလောင်တိုက်သွင်းပြီး ဖျက်ဆီးချေမှုန်းချင်တဲ့ ခေတ်သစ်နယ်ချဲ့ရဲ့ စီမံချက်ကြံရွယ်ချက်ဟာ မိနစ်နာရီနဲ့အမျှ နီးကပ်နေတဲ့ အချိန်ကာလပါပဲ။ ဒါတွေကို တွန်းလှန်ရမှာလေ။

အမျိုးသားရေးတာဝန်ကျေပွန်ရမယ့် သမိုင်းပေးတာဝန်ကို ရဲရဲရင့်ရင့်ပါဝင်ထမ်းဆောင်ကြပါလေ။

တတိယအချက်ကတော့ လောကကောင်းကျိုးနဲ့လူမျိုးကောင်းကျိုးကို တာဝန်ကျေပွန်စွာစွမ်းဆောင်နိုင်တဲ့ လူသားကောင်းတစ်ယောက်အဖြစ် ကမ္ပည်းထိုးခံရသူ၊ လူကောင်းလူမွန်၊ လူတော်၊ လူချွန်ဖြစ်အောင် ပညာပြည့်ဝ နှလုံးလှပါစေ။

❍ *ကျောဖုံးမှ*

လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ နာယက က ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း စတင်ခဲ့သည့် သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပါဝေယျကတိုင်းသားရဟန်းတော်များဖြစ်ကြသည့် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်အား ဖူးမြော်ရန် သာဝတ္ထိပြည်သို့ ထွက်ခွာလာစဉ် ယူဇနာ ၆၀ အလို သာကေတမြို့အရောက် ဝါဆိုဝါကပ်ခဲ့ရကြောင်း၊ ဝါလကင်းလွတ်သီတင်းကျွတ်သည်နှင့်တစ်ပြိုင်နက် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်အလို့ငှာ ထွက်ခွာလာစဉ် လမ်းခရီးတစ်လျှောက် မိုးများသဲသဲမဲမဲ ရွာသွန်းမှုကြောင့် ရွှံ့နွံများ အလိပ်လိပ်ကပ်နေသည့် သင်္ကန်းများဖြင့် ဘုရားရှင်ထံ ရောက်ရှိဖူးမြော်ခဲ့ရကြောင်း၊ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်၏ ပင်ပန်းဆင်းရဲစွာ လာရောက်ခဲ့ရမှုကိုအကြောင်းပြု၍ ဘုရားရှင်က ကထိန်လျှာသင်္ကန်းအလှူခံယူခွင့်နှင့်အတူ သင်္ကန်းနှင့်စပ်လျဉ်းသည့် သိက္ခာပုဒ် ၁၀ ပုဒ်တို့ကို ပညတ်ပေးတော်မူခဲ့သည်ဟု သိရှိရကြောင်း၊ အဆိုပါ သိက္ခာပုဒ်ပညတ်ချက်များအရ ဝါတွင်းသုံးလအတွင်း မိမိတို့ ဝါဆိုဝါကပ်ရမည့် ကျောင်းတိုက်၌ ပုရိမဝါ ကာလအတွင်း ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များကိုသာ ကထိန်သင်္ကန်း အလှူခံသုံးစွဲခွင့်ကို ခွင့်ပြုတော်မူခဲ့သည့်အပြင် ထိုကျောင်းတိုက်ရှိ ကထိန်အနုမောဒနာရရှိသော သံဃာတော်များအားလုံး ကထိန်အာနိသင် အကျိုးတရားငါးပါး ရရှိကြကာ ဝိနည်းပညတ်ချက်ငါးမျိုးကို လိုက်နာစရာမလိုဘဲ ကထိန် အာနိသင်ရရှိသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် ကင်းလွတ်ခွင့်ရရှိစေသည်ကို လေ့လာတွေ့ရှိရကြောင်း။

**(၁၀) ကြိမ်မြောက်ကျင်းပပြုလုပ်မည်**

ထိုသို့ ထူးခြားသည့် ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ၂၀၁၂ ခုနှစ်က အစပြုပြီး နေပြည်တော်တွင် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၀) ကြိမ်မြောက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ယခုနှစ် ကထိန်အလှူခံကျောင်းအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရွေးချယ်ထားပြီး သက်ဆိုင်ရာ ကျောင်းတိုက် ဆရာတော်ကိုလည်း လျှောက်ထားပြီးဖြစ်သည်ဟု သိရှိရကြောင်း။

အဆိုပါအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ စနစ်တကျ ခွဲဝေဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ၁၁ ခုကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထပ်မံဖွဲ့စည်းထားပြီး ဖြစ်သည်ကို သိရှိရကြောင်း။

ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဒေသခံဆရာတော်ကြီးများ ဖြစ်သည့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့သြဝါဒါစရိယဆရာတော်ကြီး ကိုးပါး၊ နေပြည်တော်သံဃနာယကအဖွဲ့ ဆရာတော်လေးပါး၊ ကထိန်အလှူခံ ကျောင်းတိုက်မှ ဆရာတော်ငါးပါး စုစုပေါင်း ဆရာတော်ကြီး ၁၈ ပါးတို့ကို ပင့်ဆောင်ပြီး ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း။

ဆရာတော်ကြီးများ၏ ဆွမ်းကွမ်းကိစ္စရပ်များကိုလည်း ကျန်းမာရေးနှင့်ညီညွတ်မှု ရှိစေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကာလဖြစ်သည့်အားလျော်စွာ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက ချက်ချင်းဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ သံဃာရာမ ကျောင်းဆောင်များတွင် အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ သာသနာ့မဟာဗိမာန်တော်ကြီး၊ သံဃာရာမကျောင်းဆောင်များနှင့် ဆွမ်းကပ်ဆောင်ပတ်ဝန်းကျင်များတွင် ကိုဗစ် – ၁၉ ကာကွယ်ရေးဆိုင်ရာ ဆေးဖျန်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ထားရန်ဖြစ်ကြောင်း။

အခမ်းအနားကျင်းပပြုလုပ်မည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း Social Distancing အရ ၆ ပေအကွာ နေရာချထားနိုင်ရေးအပြင် ဘုရားခန်းနှင့် သံဃာစင်မြင့်ကို ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ထားရန်လိုအပ်မည် ဖြစ်ကြောင်း။

ပဒေသာပင်များကိုလည်း ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ရန်၊ သာသနာ့မဟာဗိမာန်တော်ကြီးရှိသတ်မှတ်နေရာသို့ပဒေသာပင်များ အချိန်မီရောက်ရှိရန်နှင့် အခမ်းအနားပြီး၍ ပဒေသာပင်များကို ကျောင်းတိုက်များသို့ ပို့ဆောင်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ကြရန်နှင့် နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံရှိပြီးဖြစ်၍ အမှားအယွင်းမရှိအောင် ဆက်လက်စီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**လုံခြုံရေး အထူးဂရုပြုဆောင်ရွက်**

ကိုဗစ်-၁၉ ဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပေးကြရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကော်မတီအသီးသီးမှ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးထွန်းက လုပ်ငန်းကော်မတီက ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဆွမ်းဆက်ကပ်ရေးဆပ်ကော်မတီ၊ သံဃာတော်များပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းပြင်ဆင်ရေးနှင့် ဆက်ကပ်ရေး ဆပ်ကော်မတီ၊ ပဒေသာပင်များစီစဉ်ရေး ဆပ်ကော်မတီ၊ ညှော့ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်း ပြင်ဆင်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဗိုလ်မှူးချုပ် လူမွန်၊ ဦးသန့်စင်နှင့် ဒေါက်တာအေးထွန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

❖ ထူးခြားသည့် ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ၂၀၁၂ ခုနှစ်က အစပြုပြီး နေပြည်တော်တွင် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင်(၁၀) ကြိမ်မြောက် ကျင်းပပြုလုပ်မည်

❖ ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ကြရန်နှင့် နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဝင်များအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံရှိပြီးဖြစ်၍ အမှားအယွင်းမရှိအောင် ဆက်လက်စီမံဆောင်ရွက်ကြရန် လိုအပ်

❖ ကိုဗစ်-၁၉ ဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလို

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေးပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေးကို ယနေ့တွင် ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရှမ်းအရှေ့)ရုံး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈




**အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အောက်ရှိ ဘာသာရပ်ဆိုင်ရာ ဌာနများမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ဝန်ကြီးဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက စက်တင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် အောက်တိုဘာလ တတိယပတ်တွင် ကျင်းပပြီးစီးခဲ့သည့် အကြိမ် (၂၀) မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတို့တွင် ဆွေးနွေးညှိနှိုင်းချက်များအရ အေအီးစီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု၌ မြန်မာနိုင်ငံကဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်ပေးရမည့် ကိစ္စများကိုလည်းကောင်း၊ မိမိတို့နိုင်ငံက လိုက်ပါအကောင်အထည်ဖော်ရမည့် ကိစ္စရပ်များကို သတ်မှတ်အချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ညှိနှိုင်းပေါင်းစပ်ပေးရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းအဆင့် အစည်းအဝေးများ ကျင်းပ၍ ဆက်လက်ညှိနှိုင်းဆွေးနွေးရန် ကိစ္စများကိုလည်းကောင်း ပြောကြားပြီး (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ဌာနများအနေဖြင့် အေအီးစီဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသည့်ဌာနများတွင် လူ့စွမ်းအားအရင်းအမြစ် ပြတ်လပ်မှုမရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်နှင့် အေအီးစီဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေများကို သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ၂၀၂၁ ခုနှစ်အတွက် အေအီးစီ အကောင်အထည်ဖော်မှုတွင် မြန်မာနိုင်ငံက ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဒေသတွင်းနှင့် နိုင်ငံစုံလွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များအပြင် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (Bilateral Free Trade Agreement– BFTA) နှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များ (Bilateral Investment Treaty –BIT) ချုပ်ဆိုနိုင်မည့် အလားအလာများကိုရှာဖွေ၍ ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်က အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ ၂၀၂၅ ကာလလယ်သုံးသပ်ချက် ဆောင်ရွက်မှုရလဒ်အပါအဝင် အေအီးစီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုအခြေအနေများ၊ မြန်မာနိုင်ငံက အာဆီယံ၌ ပါဝင်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အောက်ရှိ ဘာသာရပ်ဆိုင်ရာဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**သတင်းစဉ်**

---

## သနပ်ပင်မြို့နယ်၌ ဆိုလာစနစ်ဖြင့် နွေစပါးရေပေးဝေရေး မြစ်ရေတင်လုပ်ငန်း လည်ပတ်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သနပ်ပင် အောက်တိုဘာ ၂၈**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၂၇ ရက်က သနပ်ပင်မြို့နယ် ကျောင်းစုကျေးရွာ၌ ဆိုလာစနစ်ဖြင့် နွေစပါးရေပေးဝေရေး မြစ်ရေတင်လုပ်ငန်း လည်ပတ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ကျောင်းစုကျေးရွာ ဆိုလာစနစ်ဖြင့် နွေစပါးရေပေးဝေရေးမြစ်ရေတင်လုပ်ငန်း လည်ပတ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက တိုင်းဒေသကြီး အစီအစဉ်ဖြင့် လျှပ်စစ်မြစ်ရေတင်စနစ်မှ ဆိုလာစနစ်ဖြင့် မြစ်ရေတင် စီမံကိန်းအဖြစ် ပြောင်းလဲဆောင်ရွက် ပြီးစီးခဲ့မှုနှင့် နွေစပါး ရေပေးဝေရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစနစ်ကို အသုံးပြုရခြင်းသည် ရေရှည်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ကျန်ရှိသော လျှပ်စစ်မြစ်ရေတင်စီမံကိန်းများအား ဆိုလာစနစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်းနှင့် ဒေသအတွင်း နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း စည်းရုံးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် မင်းရွာလျှပ်စစ်မြစ်ရေတင်စက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ် မြစ်ရေတင်စနစ်အား ဆိုလာစနစ်ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရေး တွက်ချက်တင်ပြပေးရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် သနပ်ပင်-မင်းရွာ ကျေးလက်ဂဝံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး တွက်ချက်တင်ပြရန် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

တိုင်းဒေသကြီး အတွင်း လျှပ်စစ်မြေရေတင်လုပ်ငန်း ၂၂ ခုရှိပြီး သနပ်ပင်မြို့နယ် ကျောင်းစုရေတင်လုပ်ငန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဒီဇယ်စနစ်ဖြင့်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လျှပ်စစ်ရေတင်စနစ်ဖြင့်လည်းကောင်း အသုံးပြုနေခဲ့ရပြီး ယခုအခါ လျှပ်စစ်ရေတင်စနစ်မှ ဆိုလာစနစ်ရေတင်လုပ်ငန်းအဖြစ် ထပ်မံပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့သဖြင့် နှစ်စဉ်ဓာတ်အားခ ကုန်ကျစရိတ် သက်သာခြင်း၊ နေ့စဉ် မနက်ပိုင်းမှ ညနေပိုင်းအထိ ဆိုလာစနစ်ဖြင့် ရေတင်၍ နွေစပါးစိုက်ဧက ၃၀၀ ကျော်ခန့်အား ရေပေးဝေလျက်ရှိခြင်း၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်ကို အသုံးချသဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေခြင်းနှင့် ပိုလျှံလာသည့် လျှပ်စစ်ဓာတ်အားများကို အခြားလိုအပ်သည့် စက်ရုံ/အလုပ်ရုံများ သုံးစွဲနိုင်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

## မူဆယ် (၁၀၅)မိုင်တွင် ဈေးသူဈေးသားများအား ကိုဗစ်ရောဂါ စစ်ဆေးပေးခြင်းနှင့်ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်

**မူဆယ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင်တွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ဈေးသူ ဈေးသားများအား ကိုဗစ်ရောဂါ စစ်ဆေးပေးခြင်းနှင့် ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးဇော်လင်း၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ စည်ပင်သာယာရေးအဖွဲ့၊ မူဆယ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာဟန်နိုင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်မျိုးထက်၊ ဦးစီးအရာရှိ ဒေါက်တာအောင်ကျော်ဇောတို့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ (၁၀၅) မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ထိန်းချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်ဆိုင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများ စသည့် ပူးပေါင်းပါဝင်သည့်အဖွဲ့သည် နံနက်ပိုင်းမှစတင်ကာ မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ငါးရက်တစ်ပတ်ဈေးအနီးရှိ စုစည်းရပ်ကွက်လူငယ်ဇရပ်တွင် ဈေးသူဈေးသားများအား၊ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အာခေါင်တို့ဖတ်များယူပြီး PCR စက်ဖြင့် စမ်းသပ် စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးရာ ညနေပိုင်းအထိ ဈေးသူဈေးသား စုစုပေါင်း ၃၇၆ ဦး စစ်ဆေးဆောင်ရွက်ပြီးကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**



# ဒီမိုကရေစီခေတ်မှာ လူဖြစ်လာသောအခါ

မောင်သမ္မာဒိဋ္ဌိ

**ဒီမိုကရေစီစနစ်သည် ဇွဖ ပါးရောဂါစလုံး ပျောက်ကင်းနိုင်သော ဂုဏ္ဍသာယနဆေး လုံးဝ မဟုတ်သကဲ့သို့ နိုင်ငံရေးအားဖြင့် "နိုင်ငံရေးမူဝါဒ" မဟုတ်ဘဲ "နိုင်ငံရေးကျင့်စဉ်" တစ်ရပ်မျှသာ ဖြစ်ပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျှင် ပါလီမန်ဒီမိုကရေစီ ကျင့်စဉ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျှင် ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ် ဖြစ်သွားသည်။ အလားတူ "ငါနှင့်ငါသာ နိုင်းစရာတည်း" ဟုခံယူကာ "တစ်ပါတီ အာဏာရှင်စနစ်" ကို ကျင့်သုံးလျှင် "ဒီမိုကရေစီအာဏာရှင်စနစ်" ကေန်ဖြစ်သွားမည်။**

သို့ဖြစ်၍ ဒီမိုကရေစီသည် ရေနှင့်တူသည်ဟု ခိုင်းနှိုင်းနိုင်ပါသည်။ ရေသည် ထည့်သည့်ပစ္စည်းများပေါ်တွင် မူတည်၍ ပုံဏ္ဍာန်အနေအထား ပြောင်းလဲသွားသကဲ့သို့ ဒီမိုကရေစီကျင့်စဉ်သည်လည်း နိုင်ငံရေးမူဝါဒပေါ်တွင် မူတည်၍ပြောင်းလဲသွားတတ်ပါသည်။

"ဒီမိုကရေစီ၏ အနက်အဓိပ္ပာယ်ကို နိုင်ငံရေးသိပ္ပံပညာရှင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ၊ အတွေးအခေါ်ပညာရှင်များနှင့် သမိုင်းပညာရှင်များက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြစေကာမူ ရှေးဟောင်းဂရိခေတ်ကကဲ့သို့ "တိုက်ရိုက်ဒီမိုကရေစီကျင့်စဉ်" ကို ကျင့်သုံးရန်လည်း လုံးဝမဖြစ်နိုင်ပါ။ ပြောသာပြောရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၇၀၀ ကျော်က ရှေးဟောင်းဂရိခေတ်၌ ကျင့်သုံးခဲ့သော ဒီမိုကရေစီကျင့်စဉ်ကို "တိုက်ရိုက်ဒီမိုကရေစီ" ဟု ပြောဆိုသတ်မှတ်ခဲ့ကြသော်လည်း လက်တွေ့စင်စစ်မှာ "တိုက်ရိုက် ဒီမိုကရေစီအစစ်အမှန်" မဟုတ်သည်ကို လေ့လာတွေ့ရှိရသည်။

**❂ ဒီမိုကရေစီကျင့်စဉ်သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံသမိုင်း၊ ရေခံမြေခံ ပထဝီဝင်နောက်ခံအနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံအခြေအနေများပေါ်တွင် မူတည်၍ တည်ဆောက်ကြရစမြဲဖြစ်ရာ ဒီမိုကရေစီကို "ပုံတူကူးချ ဒီမိုကရေစီ" ပြုလုပ်၍မရပါ။ ဒီမိုကရေစီသည် ပို့ကုန်/သွင်းကုန်ပစ္စည်း လုံးဝမဟုတ်သောကြောင့်ပင်ဖြစ်သည်**

ထိုစဉ်က အေသင်၊ စပါတန် စသည့်မြို့ပြနိုင်ငံများသည် ဒီမိုကရေစီကို တိုက်ရိုက်ကျင့်သုံးခဲ့သည်ဟု ဆိုခဲ့ကြသည်။ ထိုစဉ်က လူဦးရေ သုံးသိန်းရှိခဲ့သော ဂရိမြို့ပြနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲများ၌ ဆန္ဒမဲပေးရွေးချယ်ခွင့်ရှိသူဦးရေမှာ လူဦးရေ သုံးသိန်း မဟုတ်ခဲ့ပါ။ ထိုဦးရေထဲ၌ ကျန်တစ်သိန်းမှာ ရွေးချယ်တင်မြှောက်ပွဲသို့ လုံးဝတက်ရောက်ခွင့် မရရှိခဲ့ပါ။ နိုင်ငံခြားသား (အခြား မြို့ပြနိုင်ငံသား) တစ်သိန်းမှာလည်း လုံးဝတက်ရောက်ခွင့် မရရှိခဲ့ပါ။ အမျိုးသမီး တစ်သိန်းကျော်မှာလည်း လုံးဝတက်ရောက်ခွင့် မရရှိသကဲ့သို့ အသက် ၂၁ နှစ် မပြည့်သူများမှာလည်း တက်ရောက်ခွင့် မရရှိခဲ့ကြပါ။

ထိုစဉ်က တိုက်ရိုက်ကျင့်သုံးသည့် ဒီမိုကရေစီရွေးချယ်တင်မြှောက်ပွဲသို့ အမှန်တကယ်တက်ရောက်ခွင့်ရရှိခဲ့ကြသည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၆၀၀၀ မျှသာ တက်ရောက်ခွင့်ရရှိခဲ့ကြသည်။ ထိုဦးရေ ၆၀၀၀ အနက်ထက်ဝက်ကျော်ဖြစ်သော ကိုယ်စားလှယ်ဦးရေ ၃၀၀၀ ကျော်ကသာ လုပ်ပိုင်ခွင့်အာဏာများ ရယူလိုက်ကြပြီး အရာရာကို ဆုံးဖြတ်ကြရာ ရာထူးများခန့်ထားခြင်း၊ ဖြုတ်ချခြင်း၊ သေဒဏ်ပေးခြင်း၊ စစ်ကြေညာခြင်း၊ စစ်တိုက်သိမ်းခြင်း စသည့်အခွင့်အာဏာအမျိုးမျိုးသည် ထိုအာဏာပိုင်ကိုယ်စားလှယ် ၃၀၀၀ ကျော် လက်ထဲသို့ ရောက်ရှိသွားခဲ့သည်ကိုသာ တွေ့ရှိရသည်။

အမှန်တကယ် ဆန်းစစ်ကြည့်ပါက လုပ်ပိုင်ခွင့်အာဏာရ လူ ၃၀၀၀ မှာ လူဦးရေ သုံးသိန်း၏ ၁ ရာခိုင်နှုန်းမျှသာ ဖြစ်နေသည်ကို တွေ့ရှိကြရမည်ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးရာမှာပင် အကန့်အသတ်များ၊ အားနည်းချက်များ၊ ချို့ယွင်းချက်များစွာရှိနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမည် ဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ရာနှုန်းပြည့် ဒီမိုကရေစီဆိုသည်မှာ လုံးဝမဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။

**သွယ်ဝိုက်ဒီမိုကရေစီနှင့် ရွေးကောက်ပွဲနိုင်သူအကုန်ယူ ဆန္ဒမဲပေးစနစ်**

ဒီမိုကရေစီကျင့်စဉ်သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိနိုင်ငံသမိုင်း၊ ရေခံမြေခံ ပထဝီဝင်နောက်ခံအနေအထား၊ ယဉ်ကျေးမှုဓလေ့ထုံးစံအခြေအနေများပေါ်တွင် မူတည်၍ တည်ဆောက်ကြရစမြဲဖြစ်ရာ ဒီမိုကရေစီကို "ပုံတူကူးချ ဒီမိုကရေစီ" ပြုလုပ်၍မရပါ။ ဒီမိုကရေစီသည် ပို့ကုန် / သွင်းကုန်ပစ္စည်း လုံးဝမဟုတ်သောကြောင့်ပင် ဖြစ်သည်။

နိုင်ငံတကာ လစ်ဘရယ်ဒီမိုကရေစီအမည်ခံပုဂ္ဂိုလ်များက ဒီမိုကရေစီကျင့်စဉ်ကို နိုင်ငံတကာဒီမိုကရေစီစံနှုန်းများဖြင့် တိုင်းတာလျက်ရှိကြရာ ထိုသို့တိုင်းတာနေကြသော ဒီမိုကရေစီဘိုးအေ နိုင်ငံကြီးများကရော မည်မျှလောက် ဒီမိုကရေစီစံနှုန်းများဖြင့် ပြည့်ဝနေကြပါသနည်း။ ထိုသူတို့၏ လုပ်ရပ်များမှာ လိုလျှင်လိုသလို၊ မလိုလျှင် မလိုသလို၊ မီးစ တစ်ဖက်၊ ရေမှုတ်တစ်ဖက် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေကြသည့် လုပ်ရပ်မျိုးပင်ဖြစ်နေသည်။ သူတို့၏ လစ်ဘရယ်ဒီမိုကရေစီသည် "နိုင်ငံရေးကြော်ငြာ" အသံကောင်းဟစ်မှု တစ်ခုမျှသာရှိသည်ကို သူတို့၏ လက်တွေ့ လုပ်ရပ်များက ပြယုဂ်အဖြစ် အထင်အရှား သက်သေခံနေပြီဖြစ်သည်။ နားလှည့်ပါးရိုက်မည့် လုပ်ရပ်ဖြစ်သည်ကို မြင်အောင်ကြည့်တတ်ဖို့ လိုပါသည်။ ထိုသို့ မြင်အောင်ကြည့်တတ်ရန်မှာ အမျိုးသားရေးကြံ့ခိုင်မှု စွမ်းအားရှိကြဖို့ အဓိကလိုအပ်လှပါသည်။

**ဗြိတိန်နိုင်ငံ၏ ပါလီမန်ဒီမိုကရေစီစနစ်**

ဒီမိုကရေစီ ဗဟိုဦးစီးစနစ်ကို ဖြောင်ကျကျ လက်တွေ့ကျင့်သုံးနေကြသည့် ဝါရင့်ဒီမိုကရေစီနိုင်ငံများ လက်ညှိုးထိုး၍ မလွဲနိုင်အောင်ရှိနေသည်။ ဒီမိုကရေစီဘိုးအေ နိုင်ငံကြီးတစ်နိုင်ငံဟု သူတို့ဘာသာ သူတို့ သတ်မှတ်ကြွေးကြော် လက်မထောင်နေသော နိုင်ငံတစ်နိုင်ငံမှာ ဗြိတိန်(UK)နိုင်ငံဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ ပါလီမန်ဒီမိုကရေစီစနစ်အရ အထက်လွှတ်တော်ကြီးတွင် အမတ်ဦးရေ စုစုပေါင်း ၆၅၉ ဦးကို ရွေးချယ်တင်မြှောက်ခြင်း လုံးဝမပြုဘဲ ဗြိတိန်ဘုရင်မကြီးကိုယ်တိုင် ဗဟိုဦးစီးစနစ်ဖြင့် တိုက်ရိုက်ခန့်ထားပေးထားသည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၄၀၀ ကျော်လာခဲ့ပြီကို ကြည့်ရုံနှင့်ပင် ထင်ထင်ရှားရှား သိသာနိုင်ပါပြီ။ အလားတူပင် ကနေဒါနိုင်ငံတွင်လည်း အထက်လွှတ်တော်အမတ်အားလုံးကို ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ခြင်း လုံးဝမပြုဘဲ တိုက်ရိုက်ခန့်တာဝန်ပေးလျက်ရှိသည်။ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရူနိုင်းနိုင်ငံတွင် အထက်လွှတ်တော်အမတ်အားလုံးကို ရွေးချယ်တင်မြှောက်ခြင်းလုံးဝမပြုဘဲ ဘုရင်ကတိုက်ရိုက်ခန့်ထားပြီး ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးလျက်ရှိသည်။

ဤသည်ကို ဆီလိုအပေါက်ရှာနေသော လစ်ဘရယ်ဝါဒီ တစ်ပါတီအာဏာရှင်ဖြစ်အောင် နိုင်ငံရေးအာဏာကို လှည့်ဖြားရယူလိုသူများက အမိမြန်မာပြည်၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံရေးကျင့်စဉ်ကို "အမျိုးသားရေးလိုအပ်ချက်များနှင့် သမိုင်းရေးလိုအပ်ချက်များ" အရ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၅ ရာခိုင်နှုန်းမှာ မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် ပါဝင်ဆောင်ရွက်နေကြရသည်ကို မသိကျိုးကျွန်ပြုကာ အမြဲဝင်ရောက်စွက်ဖက်ပြီး မည်သည့် ဒီမိုကရေစီပေတံဖြင့်တိုင်းတာနေကြပါသနည်း။ ကိုယ့်ဝမ်းနာကိုယ်သာသိသည်ဆိုသကဲ့သို့ လစ်ဘရယ်ဒီမိုကရေစီ အမည်ခံပြီး ပြည်သူကို "အပေါစားစည်းရုံးရေး" ဖြင့် လှည့်ဖြားသိမ်းသွင်းကာ နားလှည့်ပါးရိုက်မည့် တစ်ပါတီအာဏာရှင် သက်ဆိုးရှည်ရေးကို ကျင့်သုံးလိုသူများကသာ သမိုင်း၏ တရားခံများအဖြစ် အသုံးတော်ခံနေကြမည် ဖြစ်သည်။

သွယ်ဝိုက်ဒီမိုကရေစီကျင့်စဉ်တွင်လည်း ရာနှုန်းပြည့် ဒီမိုကရေစီကို လုံးဝမကျင့်သုံးနိုင်ကြသည်ကို အထောက်အထား သာဓကတချို့ဖြင့် တင်ပြလိုပါသည်။ ဥပမာ ဆိုကြပါစို့၊ ဆန္ဒမဲပေးသူဦးရေ တစ်သိန်းရှိသော မဲဆန္ဒနယ်တစ်နယ်၌ပင် ပါဝင်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်း ၁၀ ဦးမှာ မဲဆန္ဒနယ်မြေ၌ ဆန္ဒမဲတစ်သောင်းဝန်းကျင် ရရှိကြသည် ဆိုပါစို့၊ ထိုသို့ကိုယ်စားလှယ်လောင်း ၁၀ ဦးထဲမှ မဆိုစလောက်သော ဆန္ဒမဲရရှိသွားသူတစ်ဦးက အနိုင်ရရှိသွားပြီး ကျန်ကိုးဦးမှာ အလိုအလျောက် ရှုံးနိမ့်သွားကြရသည်။ ထိုအခါ မဲဆန္ဒရှင်ပေါင်း ကိုးသောင်းနီးပါးက အရှုံးပေါ်ရသည့်အဖြစ်သို့ ရောက်ရှိသွားရလေတော့သည်။ ထိုရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ကိုယ်စားလှယ်ကပင် မိမိအား မဲဆန္ဒရှင်ဦးရေ တစ်သောင်းကျော်ကမဲပေးပြီး ကျန် ကိုးသောင်းကျော်နီးပါးက ဆန္ဒမဲမပေးဘဲ ကန့်ကွက်ထားသည်ကို မသိဟန်ဆောင်ကာ မဲဆန္ဒရှင်ပြည်သူအများစု၏ ကိုယ်စားလှယ်တော်ကြီးအဖြစ် လက်မထောင်ဟစ်ကြွေးအောင်ပွဲခံနေသည်မှာ မျှတသင့်လျော်လှသည်တော့ မဟုတ်ပါ။

ဒီမိုကရေစီကျင့်စဉ်တွင် "ဆန္ဒမဲအများဆုံးက အနိုင်ယူသည့် ရွေးကောက်ပွဲစနစ်" (FPTP = First Past the Post)သို့မဟုတ် "နိုင်သူအကုန်ယူ မဲပေးစနစ်"(Winner take All)၏ ဆိုးရွားလှသော မသင့်လျော်သည့် ရွေးကောက်ပွဲစနစ်ဖြစ်လာခဲ့သည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံပေါင်းများစွာက ဆန္ဒမဲအများဆုံးက အနိုင်ယူသည့်စနစ်ကို လက်မခံကြတော့ဘဲ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲ အရေအတွက်အရ ဥပဒေပြုလွှတ်တော်တွင် "အချိုးကျခွဲဝေရယူရသည့်စနစ်" (PR=Proportional Repres-entation System) ကို ပြောင်းလဲကျင့်သုံးလာခဲ့ကြသည်ကို တွေ့ရသည်။

ဤ "အချိုးကျကိုယ်စားပြုရွေးချယ်တင်မြှောက်မှုစနစ်" (PR) ကို အင်္ဂလိပ်နိုင်ငံရေး ဘောဂဗေဒပညာရှင် "ဂျွန်စတုရပ်မေးလ်" (John Stuart Mill) က စတင်ဖော်ထုတ်ခဲ့သည်။ အကြောင်းရင်းမှာ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများ လေလွင့်ဆုံးရှုံးနေရခြင်းကို ကာကွယ်ပေးလိုခြင်းကြောင့်ပင် ဖြစ်သည်။ ဆန္ဒမဲအများဆုံးရရှိသူက အနိုင်ယူသည့် ရွေးကောက်ပွဲစနစ်မှာ အင်အားကြီးပါတီမှ "ဗိုလ်ကျသည့် ပုံစံမျိုး" ဖြစ်လာရခြင်း၊ အနိုင်မရသည့် ကိုယ်စားလှယ်ကို ဆန္ဒမဲပေးကြသည့် ပြည်သူအများမှာ ကိုယ်စားပြုမှု ဆုံးရှုံးရခြင်း၊ လူမျိုးစုကဲ့သို့သော နိုင်ငံရေးပါတီငယ်များ၊ အခြားနိုင်ငံရေးပါတီငယ်များမှာ နိုင်ငံရေး စည်းဝိုင်းအပြင်ဘက်သို့ အလိုအလျောက်ရောက်ရှိသွားရခြင်း၊ နိုင်ငံရေးပါတီကြီးများ အချင်းချင်း အားပြိုင်သည့်အခါ "ရွေးကောက်ခံအာဏာရှင်စနစ်" ပေါ်ပေါက်လာခြင်းတို့ကြောင့် "အချိုးကျ ကိုယ်စားပြု ရွေးချယ်တင်မြှောက်မှုစနစ်" ကို တွင်ကျယ်စွာ ကျင့်သုံးလာကြခြင်းဖြစ်ပါသည်။

**တိုင်းရင်းသားပြည်သူများထံမှ အကြံပြုချက်များ တောင်းခံ**

လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် ရွေးကောက်ဝင်ရောက်ကြမည့် နိုင်ငံရေးပါတီအများစုသည် "အချိုးကျကိုယ်စားပြုရွေးချယ်တင်မြှောက်မှုစနစ်" ကို ကျင့်သုံးနိုင်ရန် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်သို့ ဆန္ဒပြု အကြံပြုလျက်ရှိကြသည်ကို အားရဖွယ်သိရသည်။ ကော်မရှင်ကပင် "အချိုးကျ ကိုယ်စားပြုစနစ်" (PR) နှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူများထံမှ အကြံပြုချက်များ တောင်းခံလျက်ရှိသည်ကိုလည်း တွေ့ရသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် အဓွန့်ရှည်ခိုင်မာတည်တံ့စွာ တည်ဆောက် ရပ်တည်နေနိုင်ရေးအတွက် နိုင်ငံရေးပါတီအားလုံးသည် နိုင်ငံတော်၏ ဦးသျှောင်၊ ပြည်သူတို့၏ အမာခံရှေ့ဆောင်၊ အကျိုးတော်ဆောင်ကောင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်၏ဦးသျှောင်များဖြစ်သောကြောင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်၊ ဝံသာနုရက္ခိတတရားကို လက်ကိုင်ထားလျက် ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးများကိုသာ ရှေးရှုဆောင်ရွက်ကြမည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်တာဝန်ယူဆောင်ရွက်ကြမည့် နိုင်ငံရေးဗိသုကာများအနေဖြင့် နိုင်ငံတော်တွင် (၁) နိုင်ငံရေးအင်အား (Political Might)၊ (၂) စီးပွားရေးအင်အား (Economic Might)၊ (၃) ကာကွယ်ရေးအင်အား (Military Might) ဟူသော မရှိမဖြစ်လိုအပ်သည့် အင်အားသုံးရပ်စလုံး ပြည့်စုံအောင် ဦးဆောင် ဆောင်ရွက်နိုင်ကြမှသာ "အင်အား တောင့်တင်း၍ သန့်ရှင်းသော အစိုးရနှင့် အုပ်ချုပ်မှုကောင်းမွန်ခြင်း" တို့ မလွဲမသွေပေါ်ပေါက်လာမည်ဖြစ်ပြီး "တစ်မျိုးသားလုံး၏ အကျိုးစီးပွား" တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတော်နှင့် ပြည်သူတို့သည် ရေဇလာမြင့်သည်နှင့်အမျှ ရွှေကြာပွင့်တင့်သကဲ့သို့ ရှိနေမည်မှာ ဧကန်ဧကဒိဋ္ဌ ဓမ္မတရားပင်တည်း။

သို့ဖြစ်၍ တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးကိုသာ ရှေးရှုလျက် "မူ စေတနာမှန် လူနေရာမှန်" ဖြစ်နေအောင် မျှတမှန်ကန် အသင့်လျော်ဆုံးသော ရွေးချယ်တင်မြှောက်ပွဲ စနစ်ကိုသာ မဖြစ်မနေကျင့်သုံးဖော်ဆောင်ကြရန် အဓိကကျနေပါသည်။ အချုပ်ဆိုရပါလျှင် "ဒီမိုကရေစီခေတ်မှာ လူဖြစ်လာသောအခါ လူတိုင်း လူတိုင်း တရားမျှတစွာ လူဖြစ်ရကျိုးနပ်ကြပါစေ" ဟုသာ အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြု တင်ပြအပ်ပါသတည်း။ ။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochniov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အဓိကနယ်ပယ်များ ဖြစ်သော လျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍအတွက် ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာ၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်တင်ပို့နိုင်သည့်လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အတူ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် Eurasian Economic Union (EAEU) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံသို့ ရုရှားစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအပါအဝင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များအတွက် ညှိနှိုင်းလျက်ရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာလက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်နေမှု၊ မကြာမီကျင်းပမည့် ဒုတိယအကြိမ်မြောက် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးပွဲသို့ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကာအကွယ်ပေးဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပသို့ တင်ပို့မှုဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဝါစိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပသို့ တင်ပို့မှုဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးစေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခင်ကာလများတွင် ပြည်ပတင်ပို့ခွင့်မပြုခဲ့ဘဲ ၂၀၁၄ ခုနှစ်မှသာ ပြည်တွင်းဈေးနှုန်းကျဆင်းလာ၍ ဝါစိုက်ပျိုးတောင်သူများ နစ်နာမှုမရှိစေရန်အတွက် ဝါနှင့်ဝါထွက် ပစ္စည်းများကို ပြည်ပတင်ပို့ခွင့်ပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်တွင်းမှ ထွက်ရှိသည့် ဝါကုန်ကြမ်းများကို ပြည်ပသို့ တင်ပို့ပြီး ပြည်ပမှ ကုန်ချောပစ္စည်းအထည်များကို ပြန်လည်တင်သွင်းနေရ၍ နိုင်ငံခြားငွေ ကုန်ကျသည့်အပြင် ပြည်တွင်းတွင် အဆင့်မီသည့် ကုန်ချော ထုတ်လုပ်နိုင်ပါက ဖွံ့ဖြိုးရေးအတွက် ပထမဆုံး စိုက်ပျိုးတောင်သူ၊ ကုန်သည်ပွဲစား၊ စက်ရုံ၊ အလုပ်ရုံများအားလုံး အဆင်ပြေမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းတွင် အမှန်စိုက်ပျိုးနိုင်သည့် ဧက၊ ခန့်မှန်းအထွက်နှုန်း၊ ပြည်တွင်းသုံးစွဲမည့် ခန့်မှန်းအရေအတွက်၊ ပိုလျှံသည့် အရေအတွက်၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းတို့ကို သက်ဆိုင်ရာဌာနများအလိုက် ညှိနှိုင်းတွက်ချက်ပြီး ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးသည် ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပထမဆုံး ပြုလုပ်သည့် အစည်းအဝေးဖြစ်ပြီး နောင်ကာလများတွင်လည်း သက်ဆိုင်သည့် ဌာနဆိုင်ရာများအပြင် စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ ပြည်ပတင်ပို့သူများနှင့်ပါ ညှိနှိုင်းဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စိုက်ပျိုးသူ၊ ရောင်းဝယ်သူ၊ ပြည်ပတင်ပို့သူအားလုံး နစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၆၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ တွင် ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အခြေခံပညာဦးစီးဌာန၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးသည် အလွန်အရေးကြီးသကဲ့သို့ အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးရသည့် ပညာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများအနေဖြင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများ ပြန်လည်ဖွင့်လှစ် လေ့ကျင့်ပေးရန် လမ်းညွှန်ခဲ့သည့်အတွက် ယခုလိုသင်တန်းများ ပြန်လည်ဖွင့်လှစ် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

ဆရာ ဆရာမများသည် စာကိုလည်းသင်၊ စာရိတ္တကိုလည်း ပြုပြင်ပေးရသူများဖြစ်ကြောင်း၊ အတွေးအခေါ်ကောင်းသော ဆရာမှသာ ပညာရည်မြင့်မားပြီး စဉ်းစားဆုံးဖြတ် နိုင်စွမ်းမြင့်မားသော တပည့်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ပြီး တပည့်ကောင်းများက နောင်တစ်ချိန်တွင် တိုင်းပြည်၏ ကဏ္ဍအသီးသီးတွင် ဦးစီးဦးဆောင် ပြုနိုင်စွမ်းရှိသူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရန်နှင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန်အတွက် ပုံသွင်းရသူများဖြစ်သော ဆရာ ဆရာမများ၏ စွမ်းဆောင်နိုင်မှုအပေါ် အဓိကတည်မှီနေကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ သင်တန်းသား ၁၅၁ ဦး၊ သင်တန်းသူ ၈၀၉ ဦး စုစုပေါင်း ၉၆၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာသီအလိုက်ပွဲတော်များ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးစေလို

## ဒေသအလိုက် တိုင်းရင်းသားရိုးရာပွဲတော်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်




**နေပြည်တော် အောက်တိုဘာ ၂၈**

ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်နေသော ဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ရန်နှင့် ခရီးသွားမြှင့်တင်မှု များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

**ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရ - ပုဂ္ဂလိက - ပြည်သူလူထုတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းမှာလည်း လျော့နည်းလာပြီ ဖြစ်ပါကြောင်း၊ ယခုအခါတွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် ပြည်တွင်းခရီးသွားဧည့်သည်များ အနေဖြင့် ခရီးစဉ်ဒေသအသီးသီးသို့ သွားရောက်လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းဖြင့် ခရီးစဉ်ဒေသများရှိ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များကို ကျေနပ်ကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ဂရုပြုကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝမှာ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးရသည့် သဘောရှိသောကြောင့် ဧည့်သည်များ၏ ယုံကြည်မှု အပြည့်အဝရရှိအောင် ကျန်းမာရေး၊ ဝန်ဆောင်မှုစသော ကဏ္ဍများ၌ အားနည်းချက်များ မဖြစ်ပေါ်စေရန် ဂရုပြုကြရမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် မိမိတို့နိုင်ငံသည် ရေမြေတောတောင် သဘာဝအလှအပများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသောကြောင့် ကျန်းမာရေးနှင့် လျော်ညီသော ဝန်ဆောင်မှုကောင်းများပေးနိုင်ကာ ဧည့်ဝတ်ကျေပွန်မည်ဆိုပါက ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အကြိမ်ကြိမ်လာရောက်လည်ပတ်ကြမည်ဖြစ်သောကြောင့် ခရီးစဉ်ဒေသများရှိ အစိုးရ - ပုဂ္ဂလိက - ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြ**

ထို့နောက် ဝန်ကြီးဌာနမှ ရိုက်ကူးထားရှိသည့် ကိုဗစ်-၁၉ ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ရုပ်သံဗီဒီယိုအားပြသပြီး နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးများက ပထမအကြိမ် အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်နိုင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လုပ်ငန်းလိုအပ်ချက် အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြကြသည်။

**ပွဲတော်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပွင့်လင်းရာသီတွင် ရာသီအလိုက်ပွဲတော်များအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စွမ်းအားပြည့် စနစ်တကျ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသအလိုက် တိုင်းရင်းသားရိုးရာပွဲတော်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်း၊ ရိုးရာအစားအသောက်ပွဲတော်များနှင့် ခရီးသွားများလည်ပတ်ရန် ခရီးသွားဆွဲဆောင်မှုရှိသည့် Community Based Tourism ကဲ့သို့သော ကျေးလက်လူနေမှုဘဝကို လေ့လာသော ခရီးစဉ်များ၊ One Village One Product အစီအစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပရိကာဆာဓာတုပစ္စည်းများကို နည်းလမ်းအမျိုးမျိုးဖြင့် တင်သွင်းလျက်ရှိသဖြင့် နိုင်ငံအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီး







**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံ လေကြောင်း ကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (11th ASEAN AIRPORT INTERDICTION TASK FORCE MEETING ) ကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်း ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မောင်မောင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့က နေပြည်တော်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရဲမှူးချုပ်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရသော မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်း၊ မှောင်ခိုခြင်းလုပ်ငန်းများ၏ စိန်ခေါ်မှုများကို တိုက်ဖျက်ရန်အတွက် အာဆီယံလုပ်ငန်းစီမံချက် (ASEAN Work Plan–2016–2025)နှင့် အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက် (ASEAN Cooperation Plan) တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံနိုင်ငံများ၏ နိုင်ငံတကာ လေဆိပ်များတွင် ခေတ်မီလုံခြုံရေးစက်ကိရိယာများ၊ ရှာဖွေစစ်ဆေးရေးနည်းလမ်းအသစ်များ အသုံးပြုပြီး စစ်ဆေးလျက်ရှိသဖြင့် တရားမဝင်မူးယစ်ဆေးဝါး နိုင်ငံဖြတ်ကျော် သယ်ဆောင်မှုများကို မကြာခဏဖမ်းဆီးရမိမှုများရှိခဲ့ပြီး သတင်းအချက်အလက်နှင့် အသိပညာများကို နိုင်ငံအချင်းချင်း အချိန်နှင့်တစ်ပြေးညီ ပေးပို့ဖလှယ်နိုင်ပါက မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ တားဆီးထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော် မူးယစ်မှောင်ခိုကျူးလွန်သူများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသောမူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို အခွင့်ကောင်းယူ၍ ထိန်းချုပ်ပရိကာဆာ ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်း မရှိသည့် ပရိကာဆာ ဓာတုပစ္စည်းများကို နည်းလမ်း ပုံစံအမျိုးမျိုးဖြင့် မူးယစ်ဆေးဝါး ချက်လုပ်ရာနေရာများသို့ တင်သွင်းလျက်ရှိသဖြင့် နိုင်ငံအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

အစည်းအဝေးကိုလေကြောင်း ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မောင်မောင်ဦးက သဘာပတိအဖြစ် ဦးဆောင်ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကာ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ လေဆိပ်များအလိုက် ကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့များဖြင့် ပူးပေါင်းစစ်ဆေးနေမှုများ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ ခန္ဓာကိုယ်၌ သိုဝှက်သယ်ဆောင်ခြင်းနှင့် ခရီးဆောင်အိတ်အတွင်း သိုဝှက်သယ်ဆောင်ခြင်း နည်းလမ်းသစ်များ၊ ဖမ်းဆီးရမိမှု အခြေအနေများ၊ DHL ဝန်ဆောင်မှုများမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ ခေတ်မီ မူးယစ်ဆေးဝါးရှာဖွေရေး စက်ကိရိယာများနှင့် သုံးစွဲမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် သတင်းအချက်အလက်၊ အသိပညာမျှဝေခြင်းနှင့် သတင်းဖလှယ်ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း သင်တန်းများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ (၁၂) ကြိမ်မြောက် အာဆီယံလေကြောင်း ကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး ဦးဆောင်ကျင်းပမည့် နိုင်ငံနှင့် နေရာရွေးချယ် အတည်ပြုခြင်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၉၀ တို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# တိုင်းဒေသကြီး/ပြည်နယ် ၉ ခုရှိ မြို့နယ် ၄၆ မြို့နယ်မှ စာသင်ကျောင်းများမှလွဲ၍ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာကျောင်းများအား ၁-၁၁-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID-19)**
**ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)**

ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအား ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု၊ လွန်ခဲ့သော (၁၄)ရက်အတွင်း လူဦးရေတစ်သိန်းလျှင် ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရာခိုင်နှုန်းများကို သုံးသပ်ဆန်းစစ်၍ တိုင်းဒေသကြီး/ပြည်နယ် (၉)ခုမှ အောက်ဖော်ပြပါမြို့နယ် (၄၆)မြို့နယ်ရှိ စာသင်ကျောင်းများကို ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ပြီး ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၁-၁၁-၂၀၂၁ ရက်နေ့မှစ၍ ကျောင်းများပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) **ကချင်ပြည်နယ်**
- (က) နောင်မွန်းမြို့နယ်၊
- (ခ) ပူတာအိုမြို့နယ်၊
- (ဂ) ဗန်းမော်မြို့နယ်၊
- (ဃ) မိုးကောင်းမြို့နယ်၊
- (င) မိုးညှင်းမြို့နယ်၊
- (စ) ချီဖွေမြို့နယ်။

(၂) **ကယားပြည်နယ်**
- (က) ဖားဆောင်းမြို့နယ်၊
- (ခ) ဘောလခဲမြို့နယ်၊
- (ဂ) မယ်စဲ့မြို့နယ်။

(၃) **ကရင်ပြည်နယ်**
- (က) ဖာပွန်မြို့နယ်၊
- (ခ) သံတောင်ကြီးမြို့နယ်။

(၄) **ချင်းပြည်နယ်**
- (က) ဖလမ်းမြို့နယ်၊
- (ခ) ဟားခါးမြို့နယ်။

(၅) **စစ်ကိုင်းတိုင်းဒေသကြီး**၊ လေရှီးမြို့နယ်။

(၆) **မကွေးတိုင်းဒေသကြီး**
- (က) ဆောမြို့နယ်၊
- (ခ) ထီးလင်းမြို့နယ်၊
- (ဂ) ကံမမြို့နယ်၊
- (ဃ) ဆင်ပေါင်ဝဲမြို့နယ်။

(၇) **မန္တလေးတိုင်းဒေသကြီး**၊ မိတ္ထီလာမြို့နယ်။

(၈) **ရခိုင်ပြည်နယ်**၊ ဂွမြို့နယ်။

(၉) **ရှမ်းပြည်နယ်**
- (က) နောင်ချိုမြို့နယ်၊
- (ခ) ကျိုင်းတုံမြို့နယ်၊
- (ဂ) မိုင်းဖြတ်မြို့နယ်၊
- (ဃ) မိုင်းယောင်းမြို့နယ်၊
- (င) ဆီဆိုင်မြို့နယ်၊
- (စ) ပင်းတယမြို့နယ်၊
- (ဆ) ပင်လောင်းမြို့နယ်၊
- (ဇ) ရပ်စောက်မြို့နယ်၊
- (ဈ) ဟိုပုံးမြို့နယ်၊
- (ည) ကွတ်ခိုင်မြို့နယ်၊
- (ဋ) နမ့်ခမ်းမြို့နယ်၊
- (ဌ) မဘိမ်းမြို့နယ်၊
- (ဍ) မိုင်းဆတ်မြို့နယ်၊
- (ဎ) မိုင်းတုံမြို့နယ်၊
- (ဏ) ကွမ်းလုံမြို့နယ်၊
- (တ) လားရှိုးမြို့နယ်၊
- (ထ) သိန္နီမြို့နယ်၊
- (ဒ) မိုးနဲမြို့နယ်၊
- (ဓ) မိုင်းပန်မြို့နယ်၊
- (န) မောက်မယ်မြို့နယ်၊
- (ပ) လင်းခေးမြို့နယ်၊
- (ဖ) ကွန်ဟိန်းမြို့နယ်၊
- (ဗ) နမ့်စန်မြို့နယ်၊
- (ဘ) မိုင်းရှူးမြို့နယ်၊
- (မ) လဲချားမြို့နယ်၊
- (ယ) လွိုင်လင်မြို့နယ်။



## U.S. – ASEAN Energy & Innovation Forum သို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၈**

စင်ကာပူနိုင်ငံ၌ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသော 14th Singapore International Energy Week ကာလအတွင်း အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် U.S. – ASEAN Energy & Innovation Forum သို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် အဆင့်မြင့်အရာရှိများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ U.S Department of Commerce မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာတက္ကသိုလ်များမှ ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

U.S.– ASEAN Energy & Innovation Forum တွင် အမေရိကန် စွမ်းအင်ကဏ္ဍနှင့် အာဆီယံ စွမ်းအင်ကဏ္ဍတို့၏ နည်းပညာတီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ Department of Commerce ၊ စင်ကာပူနိုင်ငံ Energy Market Authority ၊ Bloom Energy (South-East Asia) ၊ Electric Power Research Institute (EPRI) နှင့် Durapower တို့မှ အဆင့်မြင့် အရာရှိကြီးများက Energy Intensity လျှော့ချရေး၊ စွမ်းအင်စဉ်ဆက်မပြတ် သုံးစွဲနိုင်ရေး၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများအပေါ် ထုတ်ဖော်ဆွေးနွေးခဲ့ကြပြီး Hydrogen, Floating Solar, Offshore Wind Energy, Carbon Capture Storage နှင့် Smart Grid စသည့် ကဏ္ဍများ၏ တီထွင်ဆန်းသစ်မှုများနှင့် စပ်လျဉ်း၍လည်း နီးနှောဖလှယ်ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **ကျောဖုံးမှ**

တက်ရောက်နိုင်ခဲ့သည်။

ကာရာဘောင်ဖလားကို ပြီးခဲ့သည့် လေးနှစ်ဆက် ဆွတ်ခူးထားနိုင်သည့် မန်စီးတီးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ၂၀၁၆ ခုနှစ်နောက်ပိုင်း ကာရာဘောင်ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းမှ ဂိုးသမား အရီအိုလာ မန်စီးတီးအသင်း၏ ဂိုးရရှိနိုင်သည့် ကန်သွင်းချက်များကို လက်စွမ်းပြ ကာကွယ်ထားနိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ဂိုးသမားနေရာတွင် အရီအိုလာပါဝင်လာပြီး တိုက်စစ်တွင် ဗလာဆစ်၊ လန်ဇီနီ၊ ယာမိုလန်ကိုတို့ဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ မန်စီးတီးအသင်းကလည်း ဂိုးသမားနေရာတွင် ဦးစားပေး ဂိုးသမား အီဒါဆင်ကို အနားပေးကာ စတက်ဖန်ကို အသုံးပြုပြီး တိုက်စစ်တွင် စတားလင်း၊ ပဲလ်မာ၊ မာရက်ဇ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။

ယနေ့ပွဲစဉ်သည် အမှတ်ပေးဇယား အဆင့် (၃) နှင့် (၄)နေရာတွင် ရပ်တည်နေသည့် အသင်းအချင်းချင်း တွေ့ဆုံနေသည့်အတွက် ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။

ပယ်နယ်တီအဆုံးအဖြတ်တွင် ဝက်စ်ဟမ်းအသင်းမှ နိုဘယ်၊ ဘိုဝင်၊ ဒေါ်ဆင်၊ ခရက်စ်ဝဲလ်၊ ဘင်ရာမာတို့ ဂိုးဝင်ခဲ့ပြီး မန်စီးတီးအသင်းမှ ဂရီးလစ်ချ်၊ ဂျီးဆပ်၊ ကန်ဆယ်လိုတို့ ဂိုးဝင်အောင်သွင်းယူနိုင်ခဲ့သော်လည်း ဖိုဒင် လွဲချော်ခဲ့သည့်အတွက် ဝက်စ်ဟမ်းအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က စတုတ်ကို နှစ်ဂိုး-တစ်ဂိုး၊ စပါးက ဘန်လေကို တစ်ဂိုး- ဂိုးမရှိ၊ လီဗာပူးက ပရက်စ်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သလို လက်စတာအသင်းကလည်း ပယ်နယ်တီအဆုံးအဖြတ် ပြိုင်ဘက်ဘရိုက်တန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

## ကျောက်ဖြူမြို့တွင် ပြည်နယ်တွင်း ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ကျောက်ဖြူ အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် နဒီသောင်ယံဂေါက်ကလပ်အဖွဲ့မှ ကြီးမှူးကျင်းပမည့် ပြည်နယ်တွင်း ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီမှ စတင်ကာ အစိုးရရပ်ကွက်ရှိ နဒီသောင်ယံဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ကစားသမား ၉၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဆုပေးပွဲ အခမ်းအနားနှင့် ညစာစားပွဲကို အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရိပ်သာဝင်းအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၅၀၀၀၀၀ ၊ ဒုတိယဆုငွေကျပ် ၃၀၀၀၀၀ ၊ တတိယဆုငွေကျပ် ၂၀၀၀၀၀ နှင့် ညီမျှသည့် ဆုလက်ဆောင်များကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း နဒီသောင်ယံ ဂေါက်ကလပ်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံမှ သိရသည်။

**တင်ထွန်းဦး( ပြန်/ဆက်)**

# ပေကျင်း၌ အသက် သုံးနှစ်မှ ၁၁ နှစ်ကြား ကလေးများ ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုး

**ပေကျင်း အောက်တိုဘာ ၂၈**

တရုတ်နိုင်ငံ ပေကျင်းတွင် အသက် သုံးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးပေးနေပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားထားသော ကလေးများအနေဖြင့် ကူးစက်မှုဖြစ်ပွားပြီး ခြောက်လကြာပြီးနောက် ကာကွယ်ဆေးထိုးမှု ခံယူနိုင်ကြောင်း သိရသည်။

အောက်တိုဘာ ၂၇ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းတွင် လူပေါင်း၂၀ ဒသမ ၄၇ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးဖြစ်သည်။ ပေကျင်းတွင် လူဦးရေစုစုပေါင်း ၄၂ ဒသမ ၅ သန်းခန့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားကြောင်း သိရသည်။

ပေကျင်းတွင် နောက်ဆုံးကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်၌ ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅ ဦးရှိခဲ့ပြီး လက္ခဏာမပြသယ်ဆောင်သူ နှစ်ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



တရုတ်နိုင်ငံတွင် အသက် သုံးနှစ် အထက် ကလေးငယ် တစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

## အိန္ဒိယဝန်ကြီးချုပ် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

**နယူးဒေလီ အောက်တိုဘာ ၂၈** အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာ မိုဒီက အရေးကြီးသည့် မဟာဗျူဟာမြောက် ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ရန် နိုင်ငံများ အတူတကွ ပေါင်းစုထားသည့် အရှေ့အာရှ ထိပ်သီးအစည်း အဝေးသည် အရေးကြီးကြောင်း ထပ်လောင်း ပြောကြားခဲ့သည်ဟု ပြည်ပရေးရာဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

(၁၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးစည်းဝေးပွဲတွင် ဗီဒီယိုကွန်ဖရန့်ဖြင့် တက်ရောက်ရင်း မိုဒီက ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကာကွယ်ဆေးနှင့် ဆေးဝါးများ ထောက်ပံ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် အိန္ဒိယ၏ ကြိုးစားဆောင်ရွက်မှုများကို မိုဒီက မီးမောင်းထိုးပြခဲ့သည်။



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ။

အရှေ့အာရှထိပ်သီးစည်းဝေးပွဲ (အီးအေအက်စ်)နှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တို့ကို ဘရူနိုင်းက ဥက္ကဋ္ဌ တာဝန်ယူကျင်းပခဲ့ရာတွင် အာဆီယံနိုင်ငံများနှင့် အီးအေအက်စ်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာ အရေးကြီးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆင်ဟွာ

## အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၄၈ သန်း ကျော်လွန်လာ

အာဖရိကတွင် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၄၈၃၅၅၅ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၁၈၈၀၃ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၈၈၁၈၃၄ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း ပြောသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများ ဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

## ဆော်ဒီနှင့် စပိန်တို့ ကိုဗစ်အလွန် ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူ

**ရီယာ့ဒ် အောက်တိုဘာ ၂၈** ဆော်ဒီအာရေဗျနှင့် စပိန်နိုင်ငံတို့သည် မြို့တော်ရီယာ့ဒ်တွင် ကျင်းပခဲ့သည့် အနာဂတ်ရင်းနှီးမြှုပ်နှံမှုပဏာမခြေလှမ်း (အက်ဖ်အိုင်အိုင်)၏ ငါးကြိမ်မြောက် တွေ့ဆုံမှုတွင် ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူခဲ့ကြသည်။

ဆော်ဒီ ခရီးသွားလာရေးဝန်ကြီး အာမက်အယ်ခါတစ်ဘ်နှင့် စပိန်စက်မှု၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးဝန်ကြီး မာရီယာရီယာ့စ်မာရိုတိုတို့ သီးသန့်ဆွေးနွေးပွဲအဖြစ် တွေ့ဆုံခဲ့ပြီးနောက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွား အဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ကိုဗစ်-၁၉ အလွန် ခရီးသွားကဏ္ဍကို ပြန်လည်ပုံဖော်ရန် နှစ်နိုင်ငံ အတူတကွ ပူးတွဲလုပ်ဆောင်ရန် သဘောတူခဲ့ပြီး အစိုးရ၊ ပုဂ္ဂလိကများ အတူတကွ လက်တွဲလုပ်ဆောင်ကြရန်လည်း ပြောကြားလိုက်သည်။

ထို့ပြင် နှစ်နိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် နက်နဲသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန်နှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုများနှင့် အလုပ်သမားများ လေ့ကျင့်ပေးရန်လည်းသဘောတူခဲ့ကြသည်။

ဆင်ဟွာ



စပိန်နှင့် ဆော်ဒီ နှစ်နိုင်ငံဝန်ကြီးနှစ်ဦး တွေ့ဆုံဆွေးနွေးကြစဉ်။

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၇၂၄၉၁ ဦးအထိ ရှိလာ

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၉၄ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၇၇၂၄၉၁ ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၂၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ကြောင့် သေဆုံးသူပေါင်း ၄၂၅၇၅ ဦးအထိ ရှိလာခဲ့သည်။

စက်တင်ဘာလက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်ခဲ့သည့် ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်းလာခဲ့သည်။

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စက်တင်ဘာ ၁၁ ရက်က ၂၆၃၀၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၁ ဒသမ ၅ သန်းနီးပါး ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## အောက်တိုဘာ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၉၉ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၆၂၂ ဦးရှိ

(၂၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၇-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၈၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၉၉) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၂၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၁၀,၇၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၇,၇၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၃,၃၄၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့်ထပ်မံသေဆုံးသူ (၁၉) ဦးရှိသဖြင့်** ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၆၂၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၇၁)ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၁)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၇)ခု | (၁၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၀)ခု | (၆)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၂)ခု | (၂၇)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၀)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၀၆)ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၈၃)ခု | (၅၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၃၇၄)ခု | (၆၆၆)ဦး |
| **စုစုပေါင်း** | (၁၈,၈၈၄)ခု | (၇၉၉)ဦး |

- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေး များပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှု မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၈- ၁၀ -၂၀၂၁ ရက်နေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ

ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်း **၄.၂၃%**



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ

### ၂၈- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၅၉၇၀၀၃ | ၃၆၄၇၆၇၅၆ | ၇၆၁၈၅၆ |
| ၂။ | အိန္ဒိယ | ၃၄၂၄၂၁၈၅ | ၃၃၆၁၅၁၈၂ | ၄၅၇၁၆၅ |
| ၃။ | ဘရာဇီး | ၂၁၇၆၆၁၆၈ | ၂၀၉၆၅၂၉၆ | ၆၀၆၇၂၆ |
| ၄။ | ဗြိတိန် | ၈၈၉၇၁၄၉ | ၇၂၃၂၃၁၃ | ၁၄၀၀၄၁ |
| ၅။ | ရုရှား | ၈၃၉၂၆၉၇ | ၇၂၇၂၀၅၃ | ၂၃၅၀၅၇ |
| ၆။ | တူရကီ | ၇၉၃၆၀၀၇ | ၇၃၇၆၈၂၁ | ၆၉၇၆၉ |
| ၇။ | ပြင်သစ် | ၇၁၄၀၂၉၄ | ၆၉၂၅၇၂၇ | ၁၁၇၅၈၉ |
| ၈။ | အီရန် | ၅၈၉၉၅၀၉ | ၅၄၆၈၆၂၀ | ၁၂၅၈၇၅ |
| ၉။ | အာဂျင်တီးနား | ၅၂၈၄၄၈၅ | ၅၁၄၉၉၄၃ | ၁၁၅၈၈၉ |
| ၁၀။ | စပိန် | ၅၀၀၆၆၇၅ | ၄၈၆၁၀၄၃ | ၈၇၂၈၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၂၅၃၂ | ၄၀၈၆၇၅၉ | ၁၄၃၃၃၃ |
| ဖိလစ်ပိုင် | ၂၇၇၂၄၉၁ | ၂၆၈၀၀၈၁ | ၄၂၅၇၅ |
| မလေးရှား | ၂၄၄၈၃၇၂ | ၂၃၄၇၉၈၅ | ၂၈၆၇၄ |
| ထိုင်း | ၁၈၈၄၉၇၃ | ၁၇၆၆၈၂၃ | ၁၉၀၀၆ |
| ဗီယက်နမ် | ၉၀၅၄၇၇ | ၈၁၃၉၆၃ | ၂၁၉၁၀ |
| မြန်မာ | ၄၉၇၇၀၀ | ၄၆၃၃၄၉ | ၁၈၆၂၂ |
| စင်ကာပူ | ၁၈၄၄၁၉ | ၁၅၁၅၈၀ | ၃၄၉ |
| ကမ္ဘောဒီးယား | ၁၁၈၂၂၀ | ၁၁၄၀၆၃ | ၂၇၆၆ |
| လာအို | ၃၈၂၈၁ | ၃၁၄၄၅ | ၅၉ |
| ဘရူနိုင်း | ၁၂၈၂၃ | ၁၀၄၄၈ | ၈၃ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၈

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နှင့် မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နှင့် သန်လျင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် အိမ်မဲမြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နှင့် ကျောက်ကြီးမြို့တို့၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် “နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG ၊ CRPH ၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG ၊ CRPH ၊ PDF အကြမ်းဖက် လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီ အရေခြုံ ကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG ၊ PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG ၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ် ” စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင် ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သန်လျင်မြို့နယ်ရှိ ပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်အား ထောက်ခံဆန္ဒဖော်ထုတ်ကြစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့များ၌ ဒေသခံပြည်သူ ၁၂၂၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၄၅၆ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၅၉၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ထားဝယ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၆၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၅၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၀၁၉၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၄၆၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၈၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၈၃၄၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ ဒေသခံပြည်သူ ၈၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ဆားလင်းကြီးမြို့နယ်၌ ကျောင်းသူတစ်ဦးအား ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ်တစ်နှစ် နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၂၂၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၂၁၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ ဆားလင်းကြီးမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၇၈၂၀နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၄၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကော့မှူးမြို့နယ်၌ ဈေးကားများဖြင့် စားသောက်ကုန်များနှင့် အသားငါးများ ရောင်းချပေးစဉ်။

# ကော့မှူး၌ ဆန်၊ ဆီ၊ အမဲသား၊ ဆိတ်သားများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**ကော့မှူး အောက်တိုဘာ ၂၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကာလအတွင်း ပြည်သူများ အမှန်တကယ်လိုအပ်သော အခြေခံစားသောက်ကုန်များ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ယနေနံနက် ၉ နာရီမှ စတင်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် အမဲသား၊ ဆိတ်သားများကို ဈေးနှုန်း သက်သာစွာဖြင့် လာရောက်ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ ဈေးရောင်းချရာတွင် ဧည့်မထ တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဆန်ငါးပြည်တစ်အိတ်ကို ငွေကျပ် ၅၀၀၀ ဖြင့် ဆန်အိတ် ၁၀၀ အိတ် ကိုလည်းကောင်း၊ ပေါ်ဆန်းမွှေး တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ဆန်ငါးပြည်တစ်အိတ်ကို ငွေကျပ် ၈၅၀၀ ဖြင့် ဆန်အိတ် ၁၀၀ ကိုလည်းကောင်း၊ ဆီ ၅၀ ကျပ်သား တစ်ဘူးကို ငွေကျပ် ၁၈၅၀ နှုန်းဖြင့် ဆီ ဘူး၂၀၀ ကိုလည်းကောင်း၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ၁၀ ပိဿာကိုလည်းကောင်း၊ ဆိတ်သား ၁၀ သားကို ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ပိဿာ၃၀ တို့ကို လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဈေးရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဈေးဝယ်လာပြည်သူများ ကိုဗစ်–၁၉ ရောဂါကူးစက်မှုမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ဈေးဝယ်ယူနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီပေးခဲ့ကြသည့် တပ်မတော်မှ ဆေးဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နယ်မြေခံတပ်မတော်ဆေးရုံများမှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ဆေးဘက်ပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ဆေးဘက်ပညာရှင်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ကူညီပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၈**

ချင်းပြည်နယ် ပလက်ဝမြို့၌ ယာယီနေထိုင်လျက်ရှိသည့် တိုက်ပွဲရှောင် ပြည်သူများ၏ နေရပ်ဖြစ်သော ကျေးရွာများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နေအိမ်များပြန်လည်ပြုပြင်ပေးခြင်းနှင့် လုပ်ကိုင်စားသောက်ရန် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီးဖြစ်ရာ အဆိုပါ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်သို့ ပြန်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် တမန်းသားကျေးရွာ၊ ပလပ်ချောင်းဝကျေးရွာနှင့် အန်ခိုးဝကျေးရွာတို့ရှိ တိုက်ပွဲရှောင်ပြည်သူများကိုလည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ဆီဖလောင်းကျေးရွာနှင့် အောင်မီးလက်ဝကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူများကိုလည်းကောင်း၊ ယနေ့တွင် စိမ့်စမ်းဝကျေးရွာနှင့် ငဗွီကျေးရွာတို့မှ တိုက်ပွဲရှောင် ပြည်သူများကိုလည်းကောင်း နယ်မြေခံ တပ်မတော်သားများက ၎င်းတို့၏ နေရပ်အသီးသီးသို့ စက်လှေများ၊ မော်တော်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးသည်။ ထို့ပြင် ကျန်ရှိနေသေးသည့် ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်အသီးသီးသို့ ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# သထုံတွင် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်း ပထမအကြိမ် ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၈**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူကျင်းပသည့် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ က သထုံငါးလုပ်ငန်းစခန်း သင်တန်းကျောင်း၌ ကျင်းပရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ စခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

မွန်ပြည်နယ်တွင် ပထမအကြိမ် ကျင်းပပေးခြင်းဖြစ်သည့် အဆိုပါသင်တန်းသို့ သထုံ၊ မော်လမြိုင်၊ ပေါင်၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များမှ ငါးမွေးတောင်သူ သင်တန်းသား ၂၅ ဦးတက်ရောက်လျက်ရှိကြောင်း၊ အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ သင်တန်းကာလ သုံးရက်အတွင်း စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငါးမွေးမြူရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ယခုကဲ့သို့ အခြေခံ ငါးဆေးထိုးသားဖောက်ခြင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ရေလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ သားငါးများ မွေးမြူထုတ်လုပ်နိုင်ရန်အတွက် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီတစ်ခုမှ ယာဉ်တစ်စီးဖြင့် အောက်ဆီဂျင်အိုးခွံ ၄၅၀၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် (Oxygen Generator) ၁၀ လုံး၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) လေးခုနှင့် လက်အိတ် ခုနစ်တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မိုး/ဇလ**

# ဘဝတိုးတက်မြင့်မားရေး သမဝါယမအသင်းလီမိတက်မှ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

**မြစ်ကြီးနား အောက်တိုဘာ ၂၈**

ကိုဗစ်-၁၉ ကာလအတွင်း သမဝါယမကဏ္ဍမှ အသင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားတက္ကသိုလ်ရှိ ဘဝတိုးတက်မြင့်မားရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားပြည်သူ ၃၉၂ ဦးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၆၁ သိန်းကျော်ကို အသင်းအမှုဆောင်များမှတစ်ဆင့် အသင်းသားပြည်သူများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးပစ္စည်းများနှင့် စားသောက်ကုန်များ ဈေးနှုန်းမှန်ကန်စွာ လက်လီလက်ကား ရောင်းချပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများလွယ်လင့်တကူ ဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ခုနစ်ခုမှ အိမ်သုံးဆေးဝါး ၁၀၅ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ယနေ့တွင် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၈၄ ဦး စုစုပေါင်း ၃၇၁ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၅၉ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၅ ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၈၆ ဦးနှင့် အမျိုးသမီး ၂၁၀ စုစုပေါင်း ၄၉၆ ဦးတို့ကိုလည်းကောင်း အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရွှေသွေးဂျာနယ် ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာလ ၃၀ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူသားတို့ အနေဖြင့် အသိဉာဏ်ပညာရှိခြင်းအပြင် ဆင်ခြင်တုံတရားလည်း ရှိရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် “လူ” မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဦးစ သတ္တဝါကြီးများဖြစ်သည့် ဒိုင်နိုဆောသတ္တဝါများအချို့ အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “သဲကန္တာရထဲမှ ဒိုင်နိုဆောများ” သုတဆောင်းပါး၊ သူဆင်းရဲ၏ အကြံဉာဏ်ကောင်းပေးခြင်းကို မခံယူလိုသော အဆင့်အတန်းခွဲခြားတတ်သည့် သူဌေးသားအကြောင်း ရေးဖွဲ့ထားသည့် “သူဌေးနဲ့ သူဆင်းရဲ” နှစ်မျက်နှာကာတွန်း၊ အလုပ်သမားနှင့် လူငှားမြဲစေချင်ပါက အလုပ်သမားများ အလုပ်လုပ်ပြီး ချွေးမတိတ်ခင်က လုပ်အားခ ပေးချေတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် “ဒေါ်အိမ်နှင့် မောင်ပိန်” ပုံပြင်ကဏ္ဍ၊ စာဘူးတောင်းငှက်ကလေးတို့ သဘာဝ မိမိတို့၏ အသိုက်များကို ကြိုးစား တည်ဆောက်တတ်ကြပုံ အကြောင်း ရေးဖွဲ့ထားသည့် “စာဘူးတောင်းလေး” ကဗျာ၊ ဒုက္ခရောက်ချိန်တွင် ကူညီတတ်သောသူသည် မိတ်ဆွေကောင်းဖြစ်ကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ပေါ်တောလေး” တစ်မျက်နှာကာတွန်း၊ မိမိတွင်ရှိသော ကိုယ်စွမ်းကိုယ်စကို သူ့နေရာနှင့်သူ အသုံးချတတ်ပါက ကောင်းကျိုးရနိုင်ကြောင်း တင်ဆက်ထားသည့် “နေရာမှန်နှင့် ချန်ပီယံ” ဝတ္ထုကကဏ္ဍတို့အပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ **သတင်းစဉ်**




# ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို အောက်တိုဘာ ၂၈ ရက်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ရာ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအောင်မြင်လာသည့် ရှစ်သင်း၊ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသည့် လေးသင်း၊ စုစုပေါင်း ၁၂ သင်းကို မဲနှိုက်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့ပြီး လက်ရှိချန်ပီယံ ဂျပန်အသင်း၊ အာရှအင်အားကြီး တောင်ကိုရီးယားအသင်း၊ အာဆီယံထိပ်သီး ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (A) တွင် အိမ်ရှင်အိန္ဒိယ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ အီရန်၊ အုပ်စု (B) တွင် ဩစတြေးလျ၊ ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အုပ်စု (C)တွင် ဂျပန်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀ နှင့် ၂၀၁၄ ပြိုင်ပွဲတို့တွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် တစ်အုပ်စုတည်း ကျရောက်နေသည့် အသင်းများအနက် ဂျပန်၊ တောင်ကိုရီးယားအသင်းတို့နှင့် တတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ဗီယက်နမ်အသင်းနှင့်မူ ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ယူအေအီး၊ လက်ဘနွန်နှင့် ဂူအမ်အသင်းတို့ကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုသုံးခုမှ ပထမနှင့် ဒုတိယနေရာရ အသင်းများ၊ တတိယနေရာရ အသင်းများအနက် အကောင်းဆုံး နှစ်သင်း၊ စုစုပေါင်းရှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည့်အသင်းများမှာ ၂၀၂၃ ခုနှစ်တွင် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် လာမည့်အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအရေအတွက် တိုးမြှင့်ထားပြီး အိမ်ရှင်ဩစတြေးလျနှင့် တိုက်ရိုက်ဝင်ခွင့်ရငါးသင်း၊ အခြားတိုက်များမှ အသင်းများနှင့် Play-off ကစားခွင့်ရမည့် နှစ်သင်း ယှဉ်ပြိုင်ခွင့်ပြုထားသည်။ ထို့ကြောင့် မြန်မာအသင်းသည် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ရည်မှန်းထားသော်လည်း အုပ်စုအနေအထားအရ ပိုမိုကြိုးစားရဖွယ်ရှိနေသည်။ **ရဲရင့်လွင်**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၁၀-၂၀၂၂ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** MRTV Travelogue
- **၀၈:၃၅** ကြယ်ပွင့်ကလေးများလင်းလက်ဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြစို့
- **၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
- **၀၉:၄၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လှုပ်ရှားပွားမြင်ကွင်းများ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သချ်ာဘာသာရပ်'**
- **၁၄:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'တန်ဖိုး'**
- **၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
- **၁၇:၁၀** NHK အစီအစဉ် **'ဆောင်းဦးသစ်ရွက်များ'**
- **၁၇:၃၅** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၂၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** **'မြူးကြွလှပရောင်စုံည'** ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: UK Pavilion- Innovating for a Shared Future
- **07:34** Ma Lay Lat Khat Than (Mya Thinn Chal)
- **07:40** Clay Toy Pots Festival
- **08:01** Hand Down Arts Heritage
- **08:35** Shan Traditional Festival
- **08:53** Paper Flower
- **09:01** Kayin Child Boxer
- **09:12** Ecotourism: Monywa Tourism Zone
- **09:30** Awesome Myanma Sculptures
- **09:45** Chef Life - Thanakrit Chamnongbutr
- **10:01** Inlay Traditional Cotton Clothes
- **10:09** Myanmar Traditional Instruments (MYANMA OBOE)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဒေါ်လဲဒူရွာအကြောင်း

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အိမ်သန့်ရှင်းရေးအတွက် လိုအပ်သောအရာ တံမြက်စည်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့လက်ဆောင် အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
စွန်တောင်ရွာမှလက်မှုပညာ

**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
မျှစ်ချဉ်နှင့်ငါးရံ့ဟင်း

**ရခိုင် (၁၄:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မိုးနဲ့ဒေသလွယ်လျှန်းကျောင်းမှ သမိုင်းဝင်လက်ရာများ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ပြည်နယ် ခရီးသွားမှတ်တမ်း

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလဲ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အငွေ'**
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။**

# ပြည်ကြီးမဏ္ဍိုင်အငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် အောက်တိုဘာ ၂၈
အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ပြည်ကြီးမဏ္ဍိုင် အငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ ၃၀ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ဆိုင်းကျော်လွင်နှင့်အဖွဲ့ (ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး သက်ရွှေစင်၊ ရှေ့ထွက်မင်းသမီး နန်းချယ်ရီ၊ လူရွှင်တော်များ ဖြစ်ကြသည့် လောင်ချာ၊ ဂျစ်တူး၊ တိုင်းကျော်နှင့် ပေါ်လာတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ် အပြီးတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈- ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံ ကမ်းလွန်ပင်လယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၀ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၃၀/၁၃၆၀ ကျပ် | ၁၃၆၉/၁၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၄၀/၁၃၆၅ ကျပ် | ၁၃၇၆/၁၄၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၇၇/၁၄၄၅ ကျပ် | ၁၄၀၇/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၆၀/၁၅၀၀ ကျပ် | ၁၅၇၅/၁၆၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၈၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၈ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၆ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၈၆၁ | ၁၆၃၈၂၉၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၄၄၃ | ၁၁၃၆၁၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၀၅၀ | ၂၇၃၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် “တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ” အပေါ် လေ့လာတင်ပြခြင်း

## သိမ့်သိမ့်ထွေး

**စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်းသည့် “တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ” အား ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့က ပြဋ္ဌာန်းခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ၏ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၁) ပါ လုပ်ငန်းတစ်ရပ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။**

> ❖ **စေ့စပ်ဖြေရှင်းရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိသည့် အခြားနိုင်ငံများတွင် တရားရုံးတွင် စေ့စပ်ဖြေရှင်းခြင်း၊ တရားရုံးပြင်ပစေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းခြင်း၊ တရားရုံးတွင် စွဲဆိုပြီးဖြစ်သော အမှုများအား စေ့စပ်ဖြေရှင်းခြင်း၊ အမှုစွဲဆိုထားခြင်းမရှိဘဲ စေ့စပ်ဖြေရှင်းပေးရန် တိုက်ရိုက်လျှောက်ထားလာသော အငြင်းပွားမှုများအား စေ့စပ်ဖြေရှင်းခြင်း အစရှိသည်ဖြင့် စေ့စပ်ဖြေရှင်းရေး စနစ်အမျိုးမျိုးကို အသုံးပြုလျက်ရှိ**

ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၉ ခုနှစ်ကတည်းက စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် “တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်” ကို “တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်” အဖြစ် နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် ၂၀၂၂ ခုနှစ်မှ စတင်ကာ ပြောင်းလဲကျင့်သုံးတော့မည် ဖြစ်သည်။

သို့ဖြစ်၍ ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့် ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အများပြည်သူ ရှင်းလင်းစွာ နားလည်နိုင်စေရန်အတွက် ဥပဒေမူကြမ်းရေးဆွဲစဉ်က ဆွေးနွေးချက်များကို ကိုးကားလျက် အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ရပါသည် -

### တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်းသည့် “တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ” ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအခန်း (၅) သည် Special Proceedings နှင့် သက်ဆိုင်ပြီး ယခင်က ပုဒ်မ ၈၉ သည် Arbitration နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် The Arbitration Act 1944 ပေါ်ထွက်လာပြီးနောက်တွင် ယင်းပုဒ်မကို ပယ်ဖျက်ခဲ့သည်။ မြန်မာနိုင်ငံ၏ တရားမကျင့်ထုံးဥပဒေကဲ့သို့ အလားတူတရားမကျင့်ထုံးဥပဒေကို ကျင့်သုံးသည့် အခြားနိုင်ငံများတွင်လည်း ADR (Alternative Dispute Resolution) စနစ် ကျင့်သုံးရန် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်အခါ ပုဒ်မ ၈၉ နေရာတွင် အစားထိုးခြင်း၊ ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်ရန်အကြောင်း ပေါ်ပေါက်လာသည့်အခါ အခြားနိုင်ငံများ၏ ဆောင်ရွက်ချက်အပေါ် သာဓကယူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် စေ့စပ်ဖြေရှင်းရေးအပြင် အခြား ADR နည်းလမ်းများ အကောင်အထည်ဖော်ရန် လိုအပ်လာသည့်အခါ တရားမကျင့်ထုံးဥပဒေတွင် အဆင်ပြေစွာ ထည့်သွင်းနိုင်ရန် ရည်မျှော်၍လည်းကောင်း စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ကို တရားမကျင့်ထုံးဥပဒေတွင် ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ခဲ့ခြင်း ဖြစ်သည်။

ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့် ပုဒ်မ ၈၉-က တွင် ပုဒ်မခွဲ ၅ ခု ပါရှိပါသည်။ ပုဒ်မခွဲ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

(1) The Court may make mediation to a dispute in the case which has civil nature pursuant to this section. ယင်းပုဒ်မသည် တရားမကြောင်းဆိုင်ရာ အငြင်းပွားမှုများကို တရားရုံးက စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာအပ်နှင်းသည့် ပြဋ္ဌာန်းချက်ဖြစ်ပြီး ယင်းပြဋ္ဌာန်းချက်အရ တရားရုံးတွင် စွဲဆိုထားသော တရားမမှုများအား တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိသည့် အခြားနိုင်ငံများတွင် တရားရုံးတွင် စေ့စပ်ဖြေရှင်းခြင်း၊ တရားရုံးပြင်ပစေ့စပ်ဖြေရှင်းရေးဌာနတွင် စေ့စပ်ဖြေရှင်းခြင်း၊ တရားရုံးတွင်စွဲဆိုပြီးဖြစ်သော အမှုများအား စေ့စပ်ဖြေရှင်းခြင်း၊ အမှုစွဲဆိုထားခြင်းမရှိဘဲ စေ့စပ်ဖြေရှင်းပေးရန် တိုက်ရိုက်လျှောက်ထားလာသော အငြင်းပွားမှုများအား စေ့စပ်ဖြေရှင်းခြင်း အစရှိသည်ဖြင့် စေ့စပ်ဖြေရှင်းရေး စနစ်အမျိုးမျိုးကို အသုံးပြုလျက်ရှိကြသည်။

### စေ့စပ်ဖြေရှင်းပေးသည့် စနစ်ကိုဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် ယင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လိုအပ်ချက်များ ရှိနေပါသည်။ အဓိကအားဖြင့် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကျွမ်းကျင်မှုရှိသော စေ့စပ်ဖြေရှင်းရေး အရာရှိများ လုံလောက်စွာရှိရန် လိုအပ်မည်ဖြစ်သည်။ သို့ဖြစ်၍ တရားရုံးတွင်စွဲဆိုပြီးဖြစ်သော တရားမမှုများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လေ့ကျင့်သင်တန်းပေးပြီးဖြစ်သော တရားရေးအရာရှိများကို စေ့စပ်ဖြေရှင်းရေးအရာရှိအဖြစ် သီးခြားတာဝန်ပေးအပ်ပြီး စေ့စပ်ဖြေရှင်းပေးသည့် စနစ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

ပုဒ်မ ၈၉-က ၏ ပုဒ်မခွဲ (၂) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

(2) The Court may refer the following cases to mediation:

(a) cases which are prescribed to be mediated by any law or by any notification issued by the Supreme Court of the Union; and

(b) cases which are voluntarily referred to mediation by disputant parties.

ပုဒ်မခွဲ (၂) သည် တရားရုံးက စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်နိုင်သည့်အမှုများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပုဒ်မခွဲငယ်(က) အရ ဥပဒေဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာဖြင့်သော်လည်းကောင်း သတ်မှတ်ထားသည့် တရားမမှုများကို အမှုမစစ်ဆေးမီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ရန်ဖြစ်ပြီး၊ ပုဒ်မခွဲငယ်(ခ) အရ နှစ်ဖက်အမှုသည်များက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် ဆန္ဒရှိသော တရားမမှုများကို အမှုမစစ်ဆေးမီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ရန်ဖြစ်သည်။ ယင်းသို့ ပြဋ္ဌာန်းထားခြင်းဖြင့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရန် သတ်မှတ်ထားသော တရားမမှုမှ အမှုသည်များနှင့် ယင်းသို့ သတ်မှတ်ထားခြင်းမရှိသည့် တရားမမှုမှ အမှုသည်များသည် မိမိတို့အမှုများအား စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်သည့် တန်းတူညီမျှသော အခွင့်အရေးကို ရရှိစေနိုင်မည်ဖြစ်သည်။

ပုဒ်မ ၈၉-က ၏ ပုဒ်မခွဲ (၃) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

(3) The proceeding of mediation shall be confidential. Any communication, statement and admission made during mediation process shall not be admissible in any subsequent hearing of the same suit or any other proceedings.

### သက်သေခံအဖြစ် အသုံးမပြုရ

ပုဒ်မခွဲ (၃) သည် စေ့စပ်ဖြေရှင်းရေး၏ အဓိကအခြေခံမှုကို ဖော်ပြထားသည်။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များအား ပေါက်ကြားမှုမရှိစေရန် လုံခြုံစွာ ထိန်းသိမ်းရမည်ဖြစ်ကြောင်းနှင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်စဉ်အတွင်း ဆက်သွယ်ဆောင်ရွက်ချက်၊ ထုတ်ဖော်ပြောကြားချက်၊ ဝန်ခံချက် တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အဆိုပါအမှုကို ဆက်လက်ကြားနာစစ်ဆေးရာတွင်ဖြစ်စေ၊ အခြားမှုခင်းဆောင်ရွက်ရာတွင်ဖြစ်စေ မည်သည့်နည်းနှင့်မျှ သက်သေခံအဖြစ် အသုံးမပြုရကြောင်း တားမြစ်ထားသည့် ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။

နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသော စေ့စပ်ဖြေရှင်းရေးစနစ်အသီးသီး၏ တူညီသော ဝိသေသလက္ခဏာတစ်ရပ်သည် “လျှို့ဝှက်ထားခြင်း” ပင်ဖြစ်သည်။ လျှို့ဝှက်သည်ဆိုရာ၌ အပိုင်းနှစ်ပိုင်း ပါဝင်သည်။ ပထမပိုင်းသည် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ်အတွင်း အမှုနှင့် မသက်ဆိုင်သူများ ပါဝင်၊ ကြည့်ရှု၊ နားထောင်ခွင့်မပြုဘဲ လုပ်ငန်းစဉ်တစ်ခုလုံးကို လုံခြုံစွာဆောင်ရွက်ခြင်းဖြစ်ပြီး ဒုတိယပိုင်းသည် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ်အတွင်း အမှုသည်တို့၏ ပါဝင်ဆောင်ရွက်ချက်အားလုံးကို ၎င်းတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားမှု မပြုရခြင်းပင်ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ အမှုသည်တို့က ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးညှိနှိုင်းခြင်းသည် စေ့စပ်ဖြေရှင်းရေး အောင်မြင်ခြင်းအတွက် အရေးပါသည့်အချက်တစ်ချက် ဖြစ်သော်လည်း၊ ယင်းအပေါ် အမှုသည်တစ်ဦးဦးက အခွင့်ကောင်းယူပြီး အလွဲသုံးခြင်းကို တားဆီးရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သက်သေခံဥပဒေပုဒ်မ ၂၃ အရ အမှုအား စေ့စပ်ဖြေရှင်းရာတွင် ပြုလုပ်ခဲ့သော ဝန်ခံချက်ကို သက်သေခံအဖြစ် အသုံးမပြုနိုင်သည်မှာ ထင်ရှားသော်လည်း၊ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှုသည်များ၏ အကျိုးငှာ ပိုမို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ထည့်သွင်းပြဋ္ဌာန်းထားခြင်းပင်ဖြစ်သည်။

ပုဒ်မ ၈၉-က ၏ ပုဒ်မခွဲ (၄) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

(4) Where the parties to mediation reach an agreement, the parties shall apply the Court to verify the agreement. The Court shall pass an order or a decree, as it thinks fit, in accordance with the relevant provisions of the Code of Civil Procedure.

ပုဒ်မခွဲ (၄) သည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်အမှုသည်များ သဘောတူညီချက်ရရှိပြီးနောက် တရားရုံးတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်အမှု၏ အစသည် တရားရုံးတွင် စွဲဆိုထားသည့် တရားမကြီးမှုဖြစ်သည့်အတွက် အမှုသည်များသည် စေ့စပ်ဖြေရှင်းရေးသဘောတူညီချက် ရရှိပြီးနောက်တွင် ယင်းသဘောတူညီချက်ကို အခြေခံပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရရှိရန် တရားရုံးတွင် တင်ပြလျှောက်ထားရမည် ဖြစ်သည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့်အခါ တရားမကျင့်ထုံးဥပဒေနှင့်အညီ သင့်လျော်သည့် အမိန့်တစ်ရပ်ကို တရားရုံးက ချမှတ်ပေးခြင်းဖြင့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှုသည်များသည် ဥပဒေအရ စည်းနှောင်မှုရှိသောရလဒ်ကို ရရှိစေရန် ပြဋ္ဌာန်းထားခြင်းပင်ဖြစ်သည်။

ပုဒ်မ ၈၉-က ၏ ပုဒ်မခွဲ (၅) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

(5) The Supreme Court of the Union may issue notifications, orders, directives, procedures and manuals relating to mediation under this section as may be necessary.

ပုဒ်မခွဲ (၅) သည် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်နိုင်သည့် အခွင့်အာဏာ အပ်နှင်းခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေတွင် တရားရုံးများက လိုက်နာရန် နည်းဥပဒေပြုလုပ်ခွင့် ပြဋ္ဌာန်းချက်များ ပါရှိပြီးဖြစ်သော်လည်း စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ စေ့စပ်ဖြေရှင်းရေးအရာရှိများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို လိုအပ်သလို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးအတွက် ထည့်သွင်းပြဋ္ဌာန်းထားခြင်းပင် ဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

# မိုင်းဆတ်မြို့၌ အောက်ဆီဂျင်ထုတ်စက် စတင်စမ်းသပ်လည်ပတ်

**မိုင်းဆတ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ၏အောက်ဆီဂျင် လိုအပ်ချက်ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ မတည်ထောက်ပံ့မှုနှင့် အလှူရှင်များပါဝင်မှုဖြင့် မိုင်းဆတ်မြို့၌ ဝယ်ယူထားသည့် အောက်ဆီဂျင်ထုတ်စက်ကို ယမန်နေ့က စတင်စမ်းသပ်လည်ပတ်သည်။

ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ်သိန်း ၅၅၀ နှင့် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် ဝယ်ယူထားသည့် အမေရိကန်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ထုတ်စက်ကို မိုင်းဆတ်မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းထားရှိပြီး စတင်စမ်းသပ်လည်ပတ်ခဲ့ရာ တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံး ဖြည့်သွင်းနိုင်ခဲ့ကြောင်း၊ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၀၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခင်က အောက်ဆီဂျင် လိုအပ်ချက်ရှိပါက တာချီလိတ်မြို့သို့ ပေးပို့၍ ဖြည့်သွင်းခဲ့ရပြီး ယခုအခါ ထိုအခက်အခဲများကို ဖြေရှင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



အောက်ဆီဂျင် ထုတ်စက်ကို ရေရှည်အသုံးပြုနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်မည့်သူများအား ကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့ သင်ကြားပေး လျက်ရှိကြောင်းလည်း သိရသည်။

**မြင့်မောင် (မိုင်းဆတ်)**

## သထုံမြို့၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်

**သထုံ အောက်တိုဘာ ၂၈**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပထမအကြိမ်အဖြစ် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါး မွေးမြူရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၁)ကို ငါးလုပ်ငန်းစခန်း သင်တန်းကျောင်း(သထုံ)၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ယမန်နေ့က ဖွင့်လှစ်သည်။

ပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများ အနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရေးကောင်းမွန်လာစေရန်၊ ငါးမွေးမြူရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရန်၊ ရေလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာကာ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ သားငါးများ မွေးမြူထုတ်လုပ်နိုင်ရန် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်နိုင်ဝင်းက ပြောသည်။ သင်တန်းကို နှစ်ရက်ကြာပို့ချခြင်းဖြစ်ပြီး သင်တန်းတွင် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ပေါက်မြို့နယ်မှ နှစ် ၁၂၀ ကျော်သက်တမ်းရှိ စေတီတော် ဒုတိယအကြိမ် ပြိုကျပျက်စီး

**ပေါက် အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် ရက်သတ္တပတ်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ချိုကျေးရွာ သုခိတာရာမကျောင်းတိုက်ကြီးအတွင်းမှ ဉာဏ်တော်အမြင့် ၃၉ ပေ ရှိသော နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိ သဗ္ဗညုဆုတောင်းပြည့်စေတီတော်ကြီးသည် အောက်တိုဘာ ၁၉ ရက်က ဒုတိယအကြိမ် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါစေတီတော်ကို မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ်က သုခိတာရာမကျောင်းတိုက် ဆရာတော်နှင့် ရွာသူရွာသားများ စုပေါင်း၍ တည်ထားပူဇော်ခဲ့ကြသည်ဟု ဌာပနာတိုက်မှ တွေ့ရသော မှတ်တမ်းများအရ သိရသည်။ ထို့နောက် နှစ်များစွာကြာသောအခါ သဘာဝဘေးအန္တရာယ်များကြောင့် စိန်ဖူးတော်မှ ခေါင်းလောင်းတော်နှင့် ကျည်းဝန်းအထိ ပြိုကျပျက်စီးခဲ့ကာ ချုံနွယ်ပိတ်ပေါင်းများနှင့်ရောယှက်လျက် တည်ရှိနေခဲ့ကြောင်း၊ ထို့နောက် ၁၃၅၈ ခုနှစ်တွင် သုခိတာရာမကျောင်းတိုက်ကြီး၏ ပဥ္စမမြောက်ကျောင်းထိုင်ဆရာတော်နှင့် ရွာသူရွာသားများက ပြန်လည်ပြုပြင်ပူဇော်ခဲ့ကြကာ ယခု ၂၅ နှစ်အကြာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒုတိယအကြိမ် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ စေတီတော်ကြီး ပျက်စီးမှုကြောင့် စေတီတော်ကြီးနှင့် ကပ်လျက်ရှိသော သိမ်ကျောင်းဆောင်မှာလည်း ပျက်စီးမှုများစွာ ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ ပြိုကျပျက်စီးသွားသောစေတီတော်ကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အလှူရှင်များလည်း လိုအပ်လျက်ရှိပြီး လှူဒါန်းလိုသူများအနေဖြင့် သုခိတာရာမကျောင်းတိုက်ကြီး၏ နာယကဆရာတော် အရှင်ဝိလာသ ဖုန်း- ၀၉ ၄၂၀၂၆၂၈၆ နှင့် အရှင်နန္ဒောဘာသ - ၀၉ ၂၅၆၁၄၇၅၆၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာအလုပ်သမားများအား ပြန်လည်လက်ခံ

**ချင်းရွှေဟော် အောက်တိုဘာ ၂၈**

တရုတ်နိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာနိုင်ငံသားအလုပ်သမား အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၈၂ ဦးတို့အား တရုတ်နိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နယ်စပ်စစ်ဆေးရေးဂိတ်၌ ယမန်နေ့က လာရောက်လွှဲပြောင်းပေးသည်။

အဆိုပါ ရွှေ့ပြောင်းလုပ်သားများသည် တရုတ်နိုင်ငံအတွင်းသို့ နယ်မြေကျော် ဝင်ရောက်အလုပ်လုပ်ကိုင်သဖြင့် တရုတ်နိုင်ငံတွင် ပြစ်ဒဏ်များကျခံခဲ့ရပြီးနောက် ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကာ ၎င်းတို့အား ကျန်းမာရေးစစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ မတွေ့ရှိရသော်လည်း ချင်းရွှေဟော်မြို့ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်စောင့်ကြည့်ကာ စစ်ဆေးမှုများ ထပ်မံပြုလုပ်ပြီး ပိုးမရှိမှသာ ၎င်းတို့၏ နေရပ်များသို့ ပြန်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉-က ၏ နောက်ဆုံးတွင် ဤပုဒ်မအရဆောင်ရွက်မည့် စေ့စပ်ဖြေရှင်းရေး၏ အဓိပ္ပာယ်ကို အများပြည်သူ တိကျရှင်းလင်းစွာ သိရှိသဘောပေါက် နားလည်စေရန် ရှင်းလင်းချက်အဖြစ် အောက်ပါအတိုင်းဖော်ပြထားသည်-

Explanation - Mediation in this section is a dispute resolution process involving a mediator assigned by the Court who faci-litates the parties to reach a mutually agreeable solution.

### စေ့စပ်ဖြေရှင်းရေး

ယင်းရှင်းလင်းချက်အရ ဤပုဒ်မတွင် ဖော်ပြထားသော စေ့စပ်ဖြေရှင်းရေးသည် အမှုသည်များက အငြင်းပွားမှုကို ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်ထားသည့် စေ့စပ်ဖြေရှင်းရေးအရာရှိက ကူညီဆောင်ရွက်ပေးသော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်တစ်ခုပင် ဖြစ်သည်။ သို့ဖြစ်၍ တရားရုံးက တာဝန်ပေးအပ်ထားခြင်းမရှိသော စေ့စပ်ဖြေရှင်းရေးအရာရှိက ဆောင်ရွက်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်မည် မဟုတ်ပေ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်းသည့် ခိုင်မာသော ဥပဒေမူဘောင် ပေါ်ထွက်လာရေးအတွက် ကဏ္ဍအသီးသီးမှ အကျိုးသက်ဆိုင်သူများနှင့် အတူတကွ ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ" နှင့် "တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့" တို့က အဓိကပါဝင်ဆောင်ရွက်ခဲ့ကြပြီး "ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ" က လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။

### တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးရာရောက်

တရားမကျင့်ထုံးဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းပြီးဖြစ်သော ပြဋ္ဌာန်းချက်များကို ပြည့်ပြည့်ဝဝ အသုံးချ၍ တရားမအငြင်းပွားမှုများအား အောင်အောင်မြင်မြင် ဖြေရှင်းပေးနိုင်မည်ဆိုလျှင် တရားရုံးတွင် အမှုရင်ဆိုင်နေရဆဲ အမှုသည်များ၊ အမှုသည်များအား ကူညီဆောင်ရွက်ပေးနေသည့် ရှေ့နေကြီးများအတွက် အကျိုးရှိစေရုံမျှမက၊ တရားမမှုများကို လက်ခံစစ်ဆေးပေးနေသည့် တရားရုံးများအတွက်လည်း တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးရာရောက်မည် ဖြစ်ပေသည်။ သို့ဖြစ်၍ ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည့် "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" အား ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုနိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။



# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည်-
- (၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
- (၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
- (၃) ဇာတ်သဘင်၊ အငြိမ့်ဖျော်ဖြေမှုလုပ်ငန်းများ။
- (၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်းဆက်လက်လည်ပတ်ရန် ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်းဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်းပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင် ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

( ဋ ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်းမရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကို အောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm။

( ခ ) www.moi.gov.mm။

( ဂ ) www.dica.gov.mm။

(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။
၀၉ - ၄၄၅ ၈၆၃ ၉၈၂
၀၉ - ၄၄၅ ၈၆၄ ၃၈၁

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။
၀၁ - ၆၅၈၁၂၂
၀၁ - ၆၅၈၁၃၁

၁၁။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

### ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| | **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓါတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| | **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓါတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**

**ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း သက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ**

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ

(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------

(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------
------------------------------

(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------

(င) လုပ်ငန်းသက်တမ်း - ------------------------------

(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------

(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ

(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------

(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------

(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------

(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------------

(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် - ------------------------------
ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ)

လက်မှတ် - ------------------------------

အမည် - ------------------------------

မှတ်ပုံတင်အမှတ်- ------------------------------

ရာထူး - ------------------------------

ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------------

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

### ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်– ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက် ထိုးနှံရန်၊

၂။ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အထူးဂရုပြုနေထိုင်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများကို စွဲမြဲစွာပြုမူနေထိုင်ရန်၊ အာဟာရပြည့်ဝသော အစားအစာများ စားသောက်ရန်၊

၃။ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း (Mask)နှင့် မျက်နှာကာ (Face Shield)တို့ကို တပ်ဆင်ရန်၊ Air-con အသုံးပြုသော ကြိုပို့ယာဉ်များ ဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၄။ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ (ထမင်း+မုန့်+ရေ) များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်၍ ယူဆောင်လာရန်၊

၅။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်းခံယူရန်၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်လာပါက ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ သတင်းပို့ရန်၊

၆။ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရနိုင်ပါက အယ်ကိုဟောလ် (၆၀%)နှင့်အထက် ပါဝင်သော လက်သန့်ဆေးရည်ကို အသုံးပြုရန်၊

၇။ အနည်းဆုံး(၆)ပေကွာ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်း စွဲစွဲမြဲမြဲဆောင်ရွက်ရန်၊

၉။ အိမ်သို့ရောက်သည်နှင့် ဝတ်ဆင်ခဲ့သောအဝတ်များကို ချက်ချင်းလဲလှယ်ရန်၊ မခါပါနှင့်၊ ချက်ချင်း ဆပ်ပြာနှင့် မိနစ်(၃၀) ကြာစိမ်ပြီးနောက် လျှော်ဖွပ်သန့်စင်ရန်၊ ပြီးနောက် ရေချိုးရန်၊



# ပဲခူးမြို့ ကျုံးကူးတံတားတည်ဆောက်မှု နိုဝင်ဘာလအတွင်း ရာနှုန်းပြည့်နီးပါးပြီးစီးမည်

**ပဲခူး အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် တည်ဆောက်လျက်ရှိသည့် ပဲခူးကျုံးကူးတံတား တည်ဆောက်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တံတားသည် ပဲခူးမြို့ သမိန်ဗရမ်းလမ်း ဆံတော်တွင်းလမ်းမှ မဂ္ဂတစ်လမ်းသို့ ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၃) တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

တံတားသည် အရှည်ပေ ၂၁၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ(နှစ်လမ်းသွား) ဖြစ်ပြီး တံတား၏တစ်ဖက်စီတွင် ၃ ပေခွဲအကျယ် လူသွားလမ်းပါ လုပ်ပေးထားကြောင်း၊ ၁ မီတာ(၃ပေ) အချင်းရှိ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ကျုံးကူးတံတားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ ဒသမ ၈၄၃ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၂၀ ဖြင့် ၂၀၂၀ ပြည့်နှစ်မေ ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တံတားက အားလုံးနီးပါး ပြီးစီးသလောက်ပါပဲ။ တံတားလက်ရန်းပေါ်မီးတပ်ဆင်ဖို့၊ ဆေးသုတ်လုပ်ငန်းဆောင်ရွက်ဖို့နဲ့ လိုအပ်တာ လုပ်ဆောင်ဖို့က အနည်းအကျဉ်းပဲ ကျန်ပါတော့တယ်။ နိုဝင်ဘာလဆို အားလုံးပြီးမှာပါ။ တံတားကြီးပေါ်မှာလည်း အမှတ်တရ ဓာတ်ပုံရိုက်ချင်သူတွေ အဆင်ပြေဖို့လည်း လူသွားလမ်းပေါ်မှာ နေရာလေး ပြုလုပ်ပေးထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲခူးကျုံးကူးတံတား တည်ဆောက်ခြင်းဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရန်၊ ပဲခူးမြို့ပတ်ဝန်းကျင် လမ်းကွန်ရက်ချိတ်ဆက်မှု အားကောင်းရန်၊ ပြည်သူများ နေ့စဉ်သွားလာရာတွင် လွယ်ကူချောမွေ့ပြီး မြို့တွင်း ယာဉ်ကြောရှုပ်ထွေးမှုများကို ဖြေလျှော့ပေးနိုင်ရန်၊ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ကောင်းမွန်စေရန် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပဲခူးမြို့နယ်တရားမရုံး၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၆

| | | |
|---|---|---|
| မတင်မိုးခိုင် | နှင့် | မောင်ကျော်သူ |
| အမှတ် (၁၁၃၀)၊ ဥဿာ(၈)လမ်း၊ | | ကန်ညီနောင်ကျေးရွာ၊ ခရမ်းမြို့နယ်၊ |
| နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့ | | ရန်ကုန်တိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကန်ညီနောင်ကျေးရွာနေ မောင်ကျော်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်သဇင်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)ရုံး**
**ပဲခူးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (RA-II)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၄၉-က)၊ မြေယာအမှတ်(၃၇/၃၀၅)၊ ဧရိယာ(၀.၀၇)ဧကကို ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၊ စာချုပ်အမှတ် (၂၈၉/၂၀၁၀) အရလည်းကောင်း၊ ဦးပိုင်အမှတ်(၁၄၉-ခ)၊ ဧရိယာ(၀.၀၈)ဧကကို စာချုပ် အမှတ်(၂၇၇/၂၀၂၀) အရလည်းကောင်း၊ ဦးပိုင်အမှတ်(၁၄၉-ဃ)၊ မြေယာအမှတ်(၃၇/၃၀၅ ဒီ)၊ ဧရိယာ(၀.၀၆)ဧကကို စာချုပ်အမှတ်(၁၂၁/၂၀၀၇)အရလည်းကောင်း မှတ်ပုံတင်စာချုပ်များဖြင့် ဒေါ်စိုးယုလန်(ခ)ဒေါ်အေးအေးလွင်မှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူနေထိုင်ခဲ့ပြီး ဒေါ်စိုးယုလန်(ခ)ဒေါ်အေးအေးလွင်သည် ၎င်းအမည်ဖြင့် အထက်ဖော်ပြပါ မြေယာဦးပိုင်များအား ပေါင်းစည်းပြီး ဦးပိုင်ပေါင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ဤရုံးသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၁၆၃-C)၊ စီးပွားဇုန်(လွှန်ကန်)အကွက်၊ ဦးပိုင်အမှတ် (၄၇)၊ ဧရိယာ ၀ဒသမ၀၇၈ဧကရှိမြေကို ဒေါ်ကျင်ရင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ် ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅-D)၊ အကွက်အမည်-လိပ်ပြာကန်ရပ်၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ (၀ဒသမ၀၇၄)ဧကမြေအား ဒေါ်မေဒေးသစ်သစ်မှ အမည်ပြောင်းလျှောက်ထားသည့်အတွက် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ဒေါ်မေဒေးသစ်သစ်**
**(ဖုန်း-၀၉-၅၃၀၀၆၃၀)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း စီမံရေးဌာန၏ မြေအောက်ဓာတ်ကြိုးဌာနစိတ်မှ ၂၀၂၁-၂၀၂၂ ခု (၆) လ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၈.၁၀.၂၀၂၁) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၃၀.၁၁.၂၀၂၁)ရက်နေ့၊(၁၄း ၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဖြိုးဖြိုးကျော် အမည်ရှိကော့သောင်းခရိုင်နှင့်မြိတ်ခရိုင် ငါးသယ်ရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ် KD/0044/09)ရေယာဉ်၏တန်ချိန်-၂၈.၃၆အားဂရန် အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးသန်းဇော်ထွေး ၆/ဘပန(နိုင်) ၀၃၄၀၆၉ အမည်မှ ဦးအောင်ဆန်းဦး ၆/ဘပန(နိုင်)၀၄၅၁၅၇ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည် ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်းပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကျေးဇူးဆပ်ပါမည်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ မင်္ဂလာလမ်းနေ ဦးစိုးဝင်း ၆/ကစန(နိုင်)၀၂၉၃၀၈ "ပိုင်စိုးလှိုင်မိုး-၇"(MD/0026/15) လှေဂရန်မှာ ရေထဲပြုတ်ကျ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၁၀၀၄၆၁၆**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၁)၊ Grade- 10မှ မအိဆောင်းဦး၏ မိဘအမည်မှန်မှာ ဦးမောင်ဦးနှင့် ဒေါ်ဌေးရီ ဖြစ်ပါကြောင်း။

**ဦးမောင်ဦး-ဒေါ်ဌေးရီ**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အမှတ်(၁၀)အထက(ခွဲ) မြိတ်တောင်ကျောင်းမှ အဌမတန်းအောင် မအိမ္မွေးလှိုင် ၆/မမန(နိုင်) ၂၆၅၉၈၂၏ ဖခင်အမည်မှန်မှာ ဦးကျော်သူအောင် ဖြစ်ပါကြောင်း။

**ဦးကျော်သူအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၂-၂၀၂၀ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ ကြော်ငြာ(၂၉) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံအရှေ့မြို့နယ်၊ ဒေါ်သန္တာဦး၏ ဂရန်သစ်တွင် ဒေါ်သန္တာဦး(၁၂/ဒဂရ(နိုင်)၀၀၁၂၆၃)ဟု အမှန်ဖတ်ရှုပါရန်။

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၅၃၆၁)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ မြေနှင့်ပတ်သက်၍ ကျိုင်းတုံမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၁၄၃)၊ ၁၃-၁၀-၂၀၂၁ ရက်စွဲဖြင့် ဦးစိုင်းတစ်အောင်(နောင်တုံကုမ္ပဏီ) မှ ကျွန်တော် ဦးကိုကိုအောင်သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၂၉-၁၀-၂၀၂၁ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးကိုကိုအောင် ၉/တကန(နိုင်)၁၃၂၀၈၄**
**ဖုန်း-၀၉-၂၅၄၀၂၈၂၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ ကမ်းနီကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၄-က)၊ ကမ်းနီအရှေ့ကွင်း၊ ဦးပိုင်(၂၁/၃)၊ ဧရိယာ(၀ဒသမ၇၉)ဧကရှိ မြေကို ဦးနေလင်းထွန်းအမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# မြိုင်မြို့နယ်တွင် ကျောင်းသား ကျောင်းသူ ၂၄၀၀ ကျော် ကာကွယ်ဆေးထိုးနှံပြီးစီး

**မြိုင် အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်အထိ ကျောင်းသား ကျောင်းသူပေါင်း ၂၄၂၂ ဦးထိုးနှံပြီးစီးကြောင်း သိရသည်။

ကာကွယ်ဆေးများကို မြို့မဇုန်၊ ကိုင်းတောမဇုန်၊ ဗဟင်းဇုန်နှင့် လက်ယက်မဇုန်ဟူ၍ ဇုန်လေးခုခွဲကာ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး အထက်တန်းဆင့်ကျောင်းသား ကျောင်းသူပေါင်း ၇၇၈ ဦးနှင့် အလယ်တန်းဆင့်ကျောင်းသား ကျောင်းသူပေါင်း ၁၆၄၄ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၄၂၂ ဦးအား ထိုးနှံပြီး ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသားမိဘများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ကျောင်းသား ကျောင်းသူ



၁၃၉၆ ဦးအား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။

**မြို့မွန်ကျော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/7092 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## အမှားပြင်ဆင်ဖတ်ရှုပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၈)၊ မြေကွက်အမှတ် (၆၁၇)၊ အကျယ်ဝန်း ပေ(၄၀x၆၀)၊ ဦးဝင်းမြင့် အမည်ပေါက် ပါမစ်မြေကွက်နေရာတွင် ဦးထွန်းမင်းထိုက် အမည်ပေါက်ဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန် အမှားပြင်ဆင်ကြေညာအပ်ပါသည်။

# ဗန်းမောက်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**ဗန်းမောက် အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စီးမော် အခြေခံပညာ အထက်တန်းကျောင်း ကာကွယ်ဆေးထိုးစုရပ်တွင် မြို့နယ်အတွင်းရှိ စီးမော်၊ မံကပ်၊ ဒယူး၊ ပေါက်နက်ကုန်း၊ နားမော်၊ ပင့်စင်တဲ၊ တုံးပင်၊ လိပ်စောမင်းကုန်း၊ ပေပင်ကံတော်၊ ပန်းတင်၊ ညောင်ပင်သာနှင့် နားလိမ်ကျေးရွာများရှိ အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၂၅ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
